# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)



၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ) အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းတို့ ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ခ) အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

မြန်မာ့အလင်း

# စာပေတာဝန် ကျေပွန်ကြစေရာ

စာသည်စကားကို သင်္ကေတပြု၍ အက္ခရာတင်ကာ ရေးမှတ်သည့် စနစ်တစ်ခုဖြစ်ပြီး စာပေဟူသည်ကမူ စာကို ရသမြောက်အောင်၊ အနုပညာသဘောပါအောင် ရေးဖွဲ့ခြင်းဖြစ်သည်ဟူ၍ ယေဘုယျသဘော ဖွင့်ဆိုနိုင်သည်။ စာပေသည် ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်း ဂုဏ်ဒြပ်မြင့်မားမှုကို ထိုနိုင်ငံ၏ အမျိုးသားစာပေအဆင့်အတန်းအားဖြင့်လည်း ချိန်ထိုးသတ်မှတ်သည့်အလျောက် စာပေမြင့်မှ လူမျိုးတင့်သည်ဟူ၍ ဆိုခြင်းဖြစ်သည်။

မြန်မာစာပေသည် အစောပိုင်းကာလတွင် လောကီရေးနှင့်ကင်းကာ လောကုတ္တရာရေးဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာစာပေဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ပညာရှင်ကြီးတစ်ဦးဖြစ်သော ဆရာဇော်ဂျီက "မြန်မာစာဆိုတို့သည် မြန်မာပြည်တွင် မိမိတို့၏ လမ်းကြောင်းကို အရာထင်အောင် ပြုနေကြဆဲတွင် လမ်းမကြီးတစ်ခုသဖွယ်ဖြစ်သော ဗုဒ္ဓစာပေကိုရလာ၍ မိမိတို့၏ လမ်းကြောင်းကို ထိုစာဖြင့် ချက်ချင်းဆောက်လုပ်ခဲ့သည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာစာပေတွင် မြန်မာစာဆိုတို့၏ ကိုယ်ပိုင်သက်သက်ဖြစ်သော လမ်းကြောင်းရာသည် မထင်ရှားခဲ့။ ဗုဒ္ဓစာပေဖြင့် ဆောက်လုပ်သောလမ်းရာအဖြစ်ဖြင့်သာ ထင်ရှားခဲ့သည်ဟု ဆိုနိုင်ပါသည်။" ဟူ၍ ဂန္ထလောက မဂ္ဂဇင်း (၁၉၃၄) "မြန်မာစာပေလမ်းခင်းလာပုံ" အမည်ရှိ ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

ပုဂံခေတ်နောက်ပိုင်းတွင် မြန်မာစာပေသည် စကားပြေ အရေးအသားပုံစံထက် သုတိသာယာစွာ ရွတ်ဖတ်သီဆိုရသည့် ပျို့ကဗျာများကို ပို၍အားသန်လာကြသကဲ့သို့ အကြောင်းအရာအားဖြင့်လည်း တောတောင်ရေမြေ သဘာဝလောကကြီးအကြောင်း၊ စစ်ရေးစစ်ရာ၊ အလွမ်းအဆွေးနှင့် မေတ္တာရေးရာ၊ နန်းမှုရေးရာ စသည်တို့ကို အရေးအဖွဲ့ပုံစံအမျိုးမျိုးဖြင့် ရေးသားခဲ့ခြင်းဖြင့် မြန်မာစာပေဘဏ္ဍာတိုက်မှာ ပိုမို၍ပြည့်ဖြိုးကြွယ်ဝလာသည်။ တခမ်းတနား ကြီးမားတင့်တယ်လာခြင်းနှင့်အတူ ဂန္ထဝင်မြောက်သည့် စာပေများဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရာ နှောင်းခေတ်အဆက်ဆက် စံတင်ကြရသည်။ နည်းယူမှီငြမ်းကြရသည်။ ကိုလိုနီခေတ်တွင်မူ မြန်မာစာသည် နေရာပေးမခံရသည့်အလျောက် နောက်တန်းသို့ရောက်သွားရသည်။ မြန်မာစာပေတွင် ဂန္ထဝင်မြောက်သည့်စာဟူ၍ လောက်လောက်လားလား ပြစရာမရှိဟူ၍ပင် နှိမ့်ချခံရသည်။ မြန်မာစာကို တက္ကသိုလ်တွင် သင်ကြားနိုင်ရေးအတွက် ကိုလိုနီလက်အောက်ခံမြန်မာတို့ အားထုတ်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြရသည်။ မြန်မာစာကို မြန်မာလူမျိုးတို့ ချစ်မြတ်နိုးဖို့ရန်လည်း ဆော်ဩခဲ့ကြရသည်။

နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာစာပေသမိုင်းတစ်လျှောက်ကို ပြန်လည်ကြည့်ပါက သည်ခေတ်တွင် သည်စာဟူ၍ပြစရာ ဂန္ထဝင်စာပေများကို ခေတ်အဆက်ဆက်မှ စာဆိုတို့က ချန်ထားရစ်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ခေတ်အလိုက် တာဝန်ကျေစွာဖြင့် မြန်မာစာပေဘဏ္ဍာတိုက်ကို ဖြည့်တင်းခဲ့ကြသည်။ မျက်မှောက်ကာလတွင် စာပေတာဝန်ကျေပွန်သူတို့အတွက် စာပေဆုအမျိုးမျိုး ဂုဏ်ပြုချီးမြှင့်လျက်ရှိသကဲ့သို့ အမျိုးသားအဆင့်တွင် အမျိုးသားစာပေတစ်သက်တာဆုနှင့်တကွ ဘာသာရပ်အလိုက် အမျိုးသားစာပေဆုများ ချီးမြှင့်လျက်ရှိရာ နိုင်ငံနှင့်လူမျိုး တည်ရှိနေသရွေ့ ရှိနေဦးမည့် မြန်မာစာပေအဆင့်အတန်း မြင့်သည်ထက်မြင့်အောင် ကြိုးပမ်းစွမ်းဆောင်ကာ မိမိတို့ခေတ် စာပေတာဝန်ကို ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈ / ၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေ၏ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ပါ ကိစ္စရပ်များသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။
(ခ) ဤဥပဒေ၏ ပုဒ်မ ၅ ပါ ကိစ္စရပ်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အထူးကုန်စည်ခွန်ကျသင့်စေသည့် ဇယားအမှတ်စဉ် ၁၂ (က)၊ (ခ) နှင့် (ဂ) တို့တွင်ပါရှိသော "လျှပ်စစ်ကားများမှအပ" ဆိုသည့် စကားရပ်ကို "ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ကုန်စည်များဇယား၏ အမှတ်စဉ် ၄၅ နောက်၌ အမှတ်စဉ် ၄၆ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၆ | ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] နှင့် ယင်း၏ ဘက်ထရီ။ |

၅။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၂၃ ၏ နောက်၌ ပုဒ်မ ၂၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၃-က။ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်ပါက ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## "ဝ"အထူးဒေသ(၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စတင်ကွင်းဆင်းဆောင်ရွက်ပေး

**ဟိုပန်  နိုဝင်ဘာ  ၂၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် "ဝ" အထူးဒေသ(၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ စတင်ကွင်းဆင်းဆောင်ရွက်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နမ့်တစ်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က "ဝ"အထူးဒေသရှိ တိုင်းရင်းသားပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ကြခြင်းဖြင့် ရရှိလာမည့်အခွင့်အရေးများနှင့် ကွင်းဆင်းဆောင်ရွက်ပေးသည့်အဖွဲ့အား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုပန်ခရိုင် ဦးစီးမှူးက ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်တစ်မြို့ မြို့ပေါ် ရပ်ကွက်များမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို စတင်ဆောင်ရွက်ပေးခြင်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**




## အများအားဖြင့် သာယာမည်

**နေပြည်တော်  နိုဝင်ဘာ  ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

❖ *ရွှေဖုံးမှ*

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား(ခ) အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဘောလုံးအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် အပြန်အလှန် ဖိအားပေး ယှဉ်ပြိုင်ကစားကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဂိုးရရှိခဲ့ကာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုအလိုက်လူသစ်တန်း ပွဲစဉ် လက်ဝှေ့ပြိုင်ပွဲများကို လည်းကောင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)၌ ဝိတ်တန်းအလိုက် ဆီမီးဖိုင်နယ် ပွဲစဉ်များနှင့် (က) အဆင့် တစ်ဦးချင်းကကွက်၊ (က)အဆင့် အသင်းလိုက်ကကွက်ပြိုင်ပွဲများကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အတိုက်ပြိုင်ပွဲမှ ဗန်တိုအတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ တပ်မတော်လက်ရေးပညာစဉ်စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး တစ်ဦးချင်းဆုရရှိကြသည့် အားကစားသမားများကို တပ်မတော်အရာရှိကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအဖြစ် ဓားတစ်လက်အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။



တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအဖြစ် မြန်မာ့သိုင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအဖြစ် လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

## အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ / လစာဝင်ငွေများလွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world” ကို “အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး” ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊

( ခ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င ) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများအတွက် နည်းပညာအရေးပါမှုနှင့် တီထွင်ဆန်းသစ်မှုများ၊

(ဇ ) ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများ၊

(ဈ ) အကြံပြုချက်များ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် -၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၅.၁၁.၂၀၂၂)ရက်၊ သောကြာနေ့၊ ညနေ ၁၆:၀၀ နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

◆ ကျောဖုံးမှ

ကော်မတီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စည်ကားစွာကျင်းပမည်**

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လိုအပ်သည်များ ကြိုတင်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သဖြင့် အခမ်းအနားများ ဆက်နေသည်ကို တွေ့ရှိရမည်ဖြစ်သော်လည်း နိုင်ငံတော်အဆင့်အခမ်းအနားများဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပြီး အဆိုပါ ဦးတည်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကြီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ် ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးကိုလည်း ခမ်းနားစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပပြုလုပ်ခဲ့သကဲ့သို့ပင် ပုံမှန်ကျင်းပနိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လျာထားချက်အပေါ်မူတည်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

**❝ အခမ်းအနားများ ကျင်းပပြုလုပ်ရာတွင် ကိုဗစ်-၁၉ ရောဂါ သတ်မှတ်ချက်များ ကိုက်ညီစွာဖြင့် စည်းကမ်းစနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေးအတွက်လည်း ပိုမိုဂရုပြုဆောင်ရွက်သွားရန်လို၊ အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အလိုက် ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက် ❞**

ပြည်ထောင်စုနေ့၏ အနှစ်သာရတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ပြည်နယ်နှင့် တိုင်းအလိုက်သို့ လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ပြီးခဲ့သည့်(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား၌ ရန်ကုန်မြို့တော်တွင် ရပ်နားထားသည့် ပြည်ထောင်စုအလံတော်အား နေပြည်တော်ကောင်စီနယ်မြေသို့ စည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် သယ်ယူ ရပ်နားခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား နှစ်စဉ်လှည့်လည်သယ်ဆောင်ခြင်းမပြုစေဘဲ (၅)နှစ် တစ်ကြိမ်သာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လှည့်လည်သယ်ဆောင် ညအိပ်ရပ်နားခြင်း အစီအစဉ်များဆောင်ရွက်ရန်လည်း လျာထားပြီး အဆိုပါကိစ္စရပ်အပေါ်တွင်လည်း ဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း။

**လုံခြုံရေးကိစ္စ ပိုမိုဂရုပြုဆောင်ရွက်**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ရေးလိုအပ်သည်များကို ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း၊ အခမ်းအနားများ ကျင်းပပြုလုပ်ရာတွင် ကိုဗစ်-၁၉ ရောဂါ သတ်မှတ်ချက်များ ကိုက်ညီစွာဖြင့် စည်းကမ်းစနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေးအတွက်လည်း ပိုမိုဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း၊ အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအလိုက် ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် က စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင် အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ အလှပြ Drone လွှတ်တင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

**လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်**

ယင်းနောက် ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခမ်းအနားအောင်မြင်စွာ နိုင်ငံတော်အဆင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် မိမိတို့၏ တာဝန်များကို အစဉ်အဆက် ဆောင်ရွက်ခဲ့သည်များအတိုင်း လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းတွင် ယဉ်ကျေးမှုအဖွဲ့များ စတင်ရောက်ရှိမည်ဖြစ်သဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရန်လိုကြောင်း၊ မြေစိုက်ပိုစတာများ အချိန်မီဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကာ အချိန်မီ ပြန်လည်တင်ပြရန်လိုကြောင်း၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု ထာဝရရေရှည်တည်တံ့ခိုင်မြဲရေး၊ ဥမကွဲ သိုက်မပျက် ရှိစေရေးတို့ကို ဖော်ညွှန်းနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရမည်ဟူသည့် စိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်နေစေရေး၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကာ ပြည်ထောင်စုကြီး ထာဝရတည်မြဲရေး၊ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေး စသည့်ဦးတည်ချက်များ အောင်မြင်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သက်မွေးပညာရပ်များကိုသင်ယူ၍ ပြန်လည်အသုံးချနိုင်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့်ဝင်ငွေနှင့် လူမှုစီးပွားဘဝများကို ပိုင်ဆိုင်နိုင်မည်

**ဘားအံ နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ယနေ့တွင် ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် သက်မွေးပညာရပ်ဆိုင်ရာ ကာလတိုသင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်ပြီး စိုက်ပျိုးရေးသိပ္ပံ (ခွဲကပင်) ရှိ တည်ဆောက်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် သက်မွေးပညာရပ်ဆိုင်ရာ ကာလတို သင်တန်းများဖြစ်သော ဆံပင်ညှပ်သင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်းနှင့် စက်ချုပ်သင်တန်း ဖွင့်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ) နှစ်ထပ ဆောင်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ဆံပင်ညှပ်သင်တန်း တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူ ၂၀၊ အခြေခံကွန်ပျူတာသင်တန်း တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူ ၁၁ ဦးနှင့် စက်ချုပ်သင်တန်း တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတို့အတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများကို အားပေးစကားပြောကြားကာ လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံရင့် သင်တန်းဆရာ ဆရာမများက စာတွေ့လက်တွေ့သင်ကြား၊ သင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ စိုက်ပျိုးရေးသိပ္ပံ(ခွဲကပင်)တွင် မွေးမြူရေးဒီပလိုမာသင်တန်းကျောင်း တွဲဖက်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုနှင့် လုပ်ငန်း ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ (ခွဲကပင်) ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျောင်းသား ကျောင်းသူ အိပ်ဆောင်၊ RC တစ်ထပ် လက်တွေ့ဆောင်၊ အရှည် ပေ ၃၁၆၀ အကျယ် ၁၄ ပေရှိကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ Steel Structure အမျိုးအစား ဝက်မွေးမြူရေးခြံ၊ အသားတိုး ကြက်မွေးမြူရေးခြံ၊ Steel Structure အမျိုးအစား နွားမွေးမြူရေးခြံ၊ RC ခြံလုပ်သားအိမ်ရာ၊ RC အမျိုးအစား အစာဂိုဒေါင်၊ ငါးသားဖောက်ရုံ၊ အသားတိုး ကြက်မွေးမြူရေးခြံ၊ RC အမျိုးအစား နှစ်ထပ်စာသင်ဆောင် တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ယူ တည်ဆောက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်း တင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများ နှင့်အညီ အချိန်မီ တည်ဆောက်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့နှင့် မဲစာရင်းများ မှန်ကန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဓာတ်ပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာဌာနများမှ စာရင်းဇယားများနှင့် ပူးပေါင်းဆောင်ရွက်ရသကဲ့သို့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း စသည့် ကိစ္စရပ်များတွင်လည်း ယနေ့တက်ရောက်လာသည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**မဲစာရင်းမှန်ကန်ရေးအတွက် အဓိကကျ**

မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်အညီ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်း ပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများက ပြုစုထားသည့် လူဦးရေစာရင်းများသည် မဲစာရင်းမှန်ကန်ရေးအတွက် အဓိကကျပါကြောင်း။

မြေပြင်နှင့်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ပြီးမြောက်ပြီးသည့်နောက် ရရှိလာသည့် လူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ် မရှိသူ/ မပြည့်စုံသူများ၊ အသက် ၁၈ နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ် မပြည့်စုံသူများ၊ မွေးရက် မွေးလ ထပ်နေသူများ စသည်ဖြင့် ခွဲခြားစိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးသည့်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခဲ့ပါကြောင်း။

စိစစ်ပြီးသည့် စာရင်းများအပေါ်အခြေခံပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရေး မြို့နယ်အသီးသီးရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများ၌ သေဆုံးသူ၊ ပြောင်းရွှေ့ထွက်ခွာသူ/ ဝင်ရောက်သူ၊ အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေနှင့်အညီ သတ်မှတ်အရည်အချင်းပြည့်မီသည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသူများ၏ အင်အားအတိုးအလျော့ ပြောင်းလဲမှုများကို သက်ဆိုင်ရာဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်၍ လစဉ် တိုက်ဆိုင်စိစစ် ဆောင်ရွက်စေလျက်ရှိပါကြောင်း။

မြေပြင်တိုက်ဆိုင်စစ်ဆေးမှုမှ ရရှိသည့်လူဦးရေစုစုပေါင်းမှာ မူလ Pilot Project ပြုလုပ်စဉ်က ၆၁၀၆၉၀၀၈ ဦး (၆၁ ဒသမ ၀၇ သန်းခန့်) ဖြစ်ပြီး စက်တင်ဘာလတွင် ကျန်ရှိသော ရပ်ကွက်/ ကျေးရွာ အုပ်စုများ ထပ်မံပါဝင်လာခဲ့သည့်အတွက် ၆၁၂၁၄၀၉၉ ဦး (၆၁ ဒသမ ၂၁၄ သန်းကျော်) ရှိလာပြီဖြစ်ကြောင်း၊ ယင်းစာရင်းများသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စာရင်းနှစ်ခုပေါင်းဖြစ်ကြောင်း၊ လစဉ် လူဦးရေစာရင်း အတိုးအလျော့များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအရ အောက်တိုဘာလအထိ ရရှိသောအချက်အလက်များမှာ–

| | | |
|---|---|---|
| ၁။ | ဥပဒေနှင့်အညီနေထိုင်သူဦးရေ | ၄၁,၆၀၉,၂၁၈ ဦး |
| ၂။ | နိုင်ကတ်ရှိသူဦးရေ | ၂၉,၂၈၄,၉၀၉ ဦး |
| ၃။ | ၁၈ နှစ်အထက်အောက်များအပါအဝင် နိုင်ကတ်မရှိသူဦးရေ | ၁၂,၁၆၃,၇၂၃ ဦး |
| ၄။ | သေဆုံးသူ စုစုပေါင်း | ၇၈၅,၀၀၇ ဦး |
| ၅။ | နိုင်ကတ် (၂) ကြိမ်ထပ်မှ လျှော့နိုင်သည့်ဦးရေ | ၁၀၅၇၁၂ ဦး |
| ၆။ | နိုင်ကတ် (၃) ကြိမ်ထပ်မှ လျှော့နိုင်သည့်ဦးရေ | ၁၀၂၄၉ ဦး |
| ၇။ | နိုင်ကတ်ထပ်မှ အသစ်ပြုလုပ်သည့် ဦးရေ | ၆၅၉၄ ဦး |
| ၈။ | လဝက လက်ကျန်စာရင်းမှ ထပ်မံဖြည့်သွင်းသည့်ဦးရေ | ၃၆၀,၅၇၆ ဦး |
| ၉။ | အချက်အလက်ပြင်ဆင်မှုပေါင်း | ၁,၅၆၇,၅၉၄ ခု |

တို့ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြောင်းဝင်/ပြောင်းထွက်စာရင်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြောင်းဝင်/ပြောင်းထွက် စာရင်းများ စသည်ဖြင့် လူဦးရေစာရင်းများကိုလည်း ကောက်ယူရရှိခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အစည်းအဝေး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပုံစံ (၆၆/၆) များ မြေပြင်တိုက်ဆိုင်စစ်ဆေးရန် လမ်းညွှန်ခဲ့ကြောင်း၊ မြေပြင်တိုက်ဆိုင် စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ပုံစံ (၆၆/၆) မရှိဘဲ မြေပြင်တွင် နေထိုင်သူများကိုလည်း တစ်ပါတည်းစာရင်းပြုစုသင့်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ရွေးချယ်ရန်အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုလည်း ခွဲခြား၍ စာရင်းကောက်ယူသင့်ကြောင်း အကြံပြုပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အကြံပြုပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရရှိခဲ့သည့် အခြေခံစာရင်းအပေါ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ထပ်မံစိစစ်ဆောင်ရွက်ရာ၌ တိုးတက်မှု အသေးစိတ်စာရင်းများနှင့် လုပ်ငန်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ကတ်များ ပြုလုပ်ပေးမှုနှင့် အခြေခံလူဦးရေစာရင်း မြေပြင်ကောက်ယူမည့် ဖွဲ့စည်းမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းတို့၏ ဝန်ထမ်းခန့်အပ်မှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆောင်ရွက်နေမှုနှင့် မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့်အခြေအနေတို့ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဒသမအကြိမ်စည်းဝေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဒသမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ ကျင်းပခဲ့ပြီး လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌများဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေနိုင်ရေးအစီအစဉ် ဒုတိယအဆင့်ဖြစ်သော ဘဝတည်မြဲရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ပြီး မြေပြင်လုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အကူအညီများ လိုအပ်လျက်ရှိသည့် ပြည်သူများထံသို့ ပိုမိုကျယ်ပြန့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) (XII International Forum ATOMEXPO 2022 )သို့ တက်ရောက်






**နေပြည်တော် နိုဝင်ဘာ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Forum ATOMEXPO 2022) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ Forum သို့ နိုင်ငံပေါင်း ၇၄ နိုင်ငံမှ နျူကလီးယားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ Rosatom ၏ အကြီးအကဲ ဥက္ကဋ္ဌ Alexey Likhachev (အလက်ဆီလီကာချော့) က Forum ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Rosatom ၏ အကြီးအကဲဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ပြခန်းများကြည့်ရှု

ထို့နောက် တက်ရောက်လာကြသူများက (၁၂) ကြိမ်မြောက် နျူကလီးယား နည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Forum ATOMEXPO 2022)တွင် ခင်းကျင်း ပြသထားသည့် နျူကလီးယား စက်မှုလုပ်ငန်း၏ ခေတ်မီပြခန်းများနှင့် ပုံစံငယ်များကို လိုက်လံကြည့်ရှုလေ့လာကြ၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sirius Park of Science and Art ရှိ Atom ခန်းမတွင်ပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေး (Plenary Session ) တွင် “Nuclear Spring: creating sustainable future” ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုကို တက်ရောက် လေ့လာကြသည်။ အဆိုပါ အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin က ပေးပို့သည့် မိန့်ခွန်းအား Rosatom ၏ အကြီးအကဲ ဥက္ကဋ္ဌ Alexey Likhachev (အလက်ဆီလီကာချော့) က (ကိုယ်စား) ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက Nuclear Energy မှ နိုင်ငံတကာ၏ စွမ်းအင် အကျပ်အတည်းကို ဖြေရှင်းနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုမရှိဘဲ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍတွင် အထောက်အကူပြုပုံနှင့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုတို့ကို အလှည့်ကျဆွေးနွေးကြသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom ၏ အကြီးအကဲ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့် သီးခြားတွေ့ဆုံ၍ အသေးစား ရေအားလျှပ်စစ်၊ လေအား၊ Nuclear Power Plant (SMR) နှင့် လူသားအရင်းအမြစ် လေ့ကျင့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Non Disclosure Agreement ကို လက်မှတ်ရေးထိုးကြသည်။

ATOMEXPO FORUM မှာ ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့သည့် နိုင်ငံတကာ နျူကလီးယား အဖွဲ့အစည်းများဖြစ်သော IAEA နှင့် ဥရောပ၊ လက်တင်အမေရိက၊ အာရှနှင့် အာဖရိကနိုင်ငံအသီးသီးမှ အလေးထားတက်ရောက်သော Forum တစ်ခုဖြစ်သည်။ Nuclear Power မှ ကာဗွန်ဒိုင်အောက်ဆိုဒ် လျှော့ချရေးနှင့် Green Energy သို့ အသွင်ကူပြောင်းရေး ရည်မှန်းချက်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခု Forum တွင် ဘီလာရုစ်၊ ဇင်ဘာဘွေ၊ ဘူရန်ဒီ၊ မြန်မာ၊ ဥဇဘက်ကစ္စတန် စသည့်နိုင်ငံများနှင့် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် Program ပေါင်း ၄၀ ကျော်၊ တက်ရောက်သူပေါင်း ၄၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နည်းပညာတက္ကသိုလ်တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် နည်းပညာတက္ကသိုလ်၏ (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းများကို ယမန်နေ့က စတင်ဖွင့်လှစ်ရာ နေပြည်တော် နည်းပညာတက္ကသိုလ်၌ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးကြသည်။ **(အပေါ်ပုံ)**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော် နည်းပညာတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူမှုအထောက်အကူပြုစနစ် (Learning Management System – LMS) ကို အသုံးပြုကာ ထိထိရောက်ရောက် သင်ကြားသင်ယူမှုပြုနေသော သင်ခန်းစာများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ Language Lab ၊ ကွန်ပျူတာခန်းများ၊ ခေတ်မီစာကြည့်တိုက်နှင့် e-Library တို့ကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမတွင် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများကို တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းအားပေးသည်။

အဆိုပါ နေပြည်တော် နည်းပညာတက္ကသိုလ်တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ သုတနည်းပညာဘာသာရပ်နှင့် ဗိသုကာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ်တိုးချဲ့၍ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ် လေ့ကျင့်ပေးနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ယနေ့တွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ် ၃၄ ကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ် ၂၇ ကျောင်းတို့တွင်လည်း (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၏ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်

နေပြည်တော် နိုဝင်ဘာ ၂၂

**တိုင်းရင်းသားအရေးကိစ္စရပ်များဆောင်ရွက်ရာတွင် ထိလွယ်ရှလွယ်သည့်အတွက် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ၌ လုပ်ငန်းစီမံကိန်းများ ဖော်ဆောင်ရာတွင် မြေယာများကို သေချာကွင်းဆင်းစိစစ်ကြစေလိုကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြောကြားသည်။**



ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် အရာထမ်းများနှင့် တွေ့ဆုံခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ပါအချက်များကိုလိုက်နာ၍ ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဘာသာသင် (TA/LT) လျှောက်ထားမှုများကို ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ ပညာရည်မြင့်မားရေး ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုအရည်အချင်း ပြည့်ဝသော ခေါင်းဆောင်ကောင်းများဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သေချာစွာလေ့လာထားကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဥပဒေများ၊ မြေယာဥပဒေများကို သေချာစွာသိရှိထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် ဝန်ထမ်းများ၊ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြီးမြန်သစ်ပင်၊ ရတနာတန်းဝင်သစ်များနှင့် ဝါးပင်များလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၂**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြီးမြန်သစ်ပင်၊ ရတနာတန်းဝင်သစ်များနှင့် ဝါးပင်များ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ကန့်ဘလူ၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ဟုမ္မလင်းခရိုင်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုများ ကျဆင်းသွားသည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ လာမည့်နှစ်တွင် သစ်ပင်စိုက်ပျိုးရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ သစ်တောပြုန်းတီးမှုများကို Recovery ဖြစ်လာစေရေးအတွက် သစ်ပင်များ စိုက်ပျိုးရာတွင် ကြီးမြန်သစ်ပင်နှင့် ရတနာတန်းဝင်သစ်များကို ဦးစားပေး၍ ပြန်လည်စိုက်ပျိုးသွားရန်၊ ထို့ပြင် သဘာဝအတိုင်း ပေါက်ရောက်သည့် ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ဝါးမျိုးများကို တိုင်းဒေသကြီးအတွင်းရှိ နေရာဒေသအလိုက် နေရာများသတ်မှတ်ပြီး စိုက်ပျိုးသွားရန်နှင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် တမာပင်များကိုလည်း စိုက်ပျိုးသွားကြရန် ညွှန်ကြားထားပါကြောင်း၊ ညွှန်ကြားချက်နှင့်အညီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရန် တာဝန်ရှိသူအားလုံးက အလေးအနက်ထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက တိုင်းဒေသကြီးအတွင်း ကြီးမြန်သစ်ပင်၊ ရတနာတန်းဝင်သစ်များနှင့် ဝါးပင်များ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာနှင့် မြေလွတ်မြေလပ်၊ မြေရိုင်းများတွင် ကြီးမြန်သစ်ပင်၊ ရတနာတန်းဝင်သစ်များနှင့် ဝါးပင်များစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်နေ့တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါ အသိပေးထုတ်ပြန်ချက်နှင့် ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်နေ့မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်နေ့တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ် အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ပယ်ဖျက်၍ **နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များအား အတည်ပြုပြီးဖြစ်ပါသည်။** နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် **ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်အား နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုအကြောင်း ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှု သိကောင်းစရာဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

သင်္ဘောသားများ၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လုပ်ခလစာများကို မြန်မာကျပ်ငွေဖြင့် လွယ်ကူစွာလဲလှယ်သုံးစွဲနိုင်ရေးအတွက် ဘဏ်များ၏ဝန်ဆောင်မှုအကြောင်းကို uab bank မှ မန်နေဂျာဖြစ်သူ ဒေါ်အာသာဝတီနှင့် ဦးအောင်သူတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ယခင်က မြန်မာသင်္ဘောသားများသည် မိမိတို့၏ နိုင်ငံခြားငွေဖြင့်ရရှိသည့် လုပ်ခလစာများကို မြန်မာကျပ်ငွေရရှိရေးအတွက် ဟွန်ဒီငွေလဲလှယ်သည့် ကိုယ်စားလှယ်များမှတစ်ဆင့် လဲလှယ်ရယူခဲ့ကြကြောင်း၊ ထိုသို့ လဲလှယ်ရာတွင် မသမာမှုများကြောင့် ဆုံးရှုံးရခြင်းများ ကြုံတွေ့ခဲ့ရကြောင်းနှင့် ယခုနိုင်ငံအတွင်းရှိ ဘဏ်များ၏ ဝန်ဆောင်မှုသည် လုံခြုံစိတ်ချရသဖြင့် ဆက်သွယ်ဆောင်ရွက်ကြရန် ပြောကြားပြီး တက်ရောက်လာကြသည့် သင်္ဘောသားများနှင့် မိသားစုဝင်များ မေးမြန်းမှုကို တာဝန်ရှိသူများက ဖြေကြားပေးခဲ့သည်။

မျိုးမင်းသူရ

# နိုင်ငံကောင်းကျိုးအတွက်ကျရာကဏ္ဍကနေ အလုပ်တွေပိုပြီး အားစိုက်ဆောင်ရွက်ကြဖို့ တွန်းအားတစ်ခုလို့ယုံကြည်ပါတယ်။ အခုလိုဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့်ပေးခြင်းအတွက် ဝမ်းသာဂုဏ်ယူရပါတယ်

**ဒေါ်စန္ဒာခင်၊ ဝဏ္ဏကျော်ထင်ဘွဲ့**



ဒေါ်ဒေစီကျော်ဝင်း၊ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)



ဦးထွန်းထွန်းဝင်း၊ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)



ဒါရိုက်တာ အောင်ဝမ်းသိန်းထွဋ်၊ အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီဖြစ်သည်။**

ထို့သို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**ဒေါ်ဒေစီကျော်ဝင်း၊ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**သရုပ်ဆောင်**

နိုင်ငံတော်က အခုလို ဆုချီးမြှင့်လို့ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ အနုပညာအလုပ်ကို ၁၉၆၂ ခုနှစ်က စတင်လုပ်ခဲ့တာပါ။ ကိုဝင်းဦးက မင်းသားလုပ်ချင်တော့ ကျွန်မအမေဆီကို လာပြောတယ်။ ကျွန်မတို့မှာ မြတ်မော်ဦး ကုမ္ပဏီရှိပါတယ်။ ဇာတ်လမ်းကို သူယူလာပါတယ်။ သူကရိုက်မယ်ဆိုတာနဲ့ ဒါရိုက်တာဦးတင်ယုနဲ့ တင်တော့ အမေကလည်း သဘောတူပြီး ရိုက်ဖြစ်သွားပါတယ်။ သမီးနေရာမှာ သရုပ်ဆောင်ဖို့ လူလိုနေတဲ့အတွက် ကိုယ်ပိုင်ထုတ်လုပ်သူဆိုတော့ ပိုက်ဆံအကုန်အကျနည်းအောင် လုပ်မယ်ဆိုပြီး ဒါရိုက်တာဦးတင်ယုက ကိုယ့်သမီးအရင်းရှိနေတာပဲ ထည့်ရိုက်လို့ဆိုပါတယ်။ ကျွန်မက ရုပ်ရှင်ရိုက်ဖို့ အစီအစဉ် မရှိသလို ဝါသနာလည်းမပါပါဘူး။ ဒါပေမယ့် သမီးအခန်းလိုတယ်ဆိုတော့ ဝင်ရိုက်ဖြစ်သွားတာပါ။ ဝင်ရိုက်ဖြစ်ရင်း အခြားကုမ္ပဏီတွေက လာငှားရင်း မင်းသမီးဖြစ်လာတာပါ။ အဖေက မြန်မာပြည်မှာ ပထမဦးဆုံး အကယ်ဒမီရပါတယ်။ အမေလည်း အကယ်ဒမီရတယ်။ ကျွန်မလည်း အကယ်ဒမီရတယ်။ အခုလို ဆုချီးမြှင့်တဲ့အချိန်မှာ သူတို့မရှိတော့ စိတ်လည်း မကောင်းပါဘူး။ ဝမ်းနည်းဝမ်းသာပေါ့။ ကျွန်မအနေနဲ့ အခုလို သက်ရှိထင်ရှားရှိတဲ့ အချိန်မှာ ဆုချီးမြှင့်ခံရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးထွန်းထွန်းဝင်း၊ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**သရုပ်ဆောင်**

ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်လောက်က ရုပ်ရှင်မင်းသားရွေးတယ်ဆိုပြီး ကုမ္ပဏီကခေါ်တော့ “ဘယ်ဆုတောင်းမလဲ ချစ်သူ” ဆိုတဲ့ ဇာတ်ကားနဲ့ ဇော်လင်း၊ ထွန်းထွန်းဝင်း၊ ခင်းသန်းနုဆိုပြီး ရွေးချယ်ခံရပါတယ်။ အဲဒီကစပြီး ရုပ်ရှင်လောကကို ခြေချခဲ့တာပါ။ ၂၂ နှစ်အရွယ်လောက်က မင်းသားဖြစ်ခဲ့တာဆိုတော့ အခုဆိုရုပ်ရှင်အနုပညာသက်တမ်း နှစ် ၅၀ ကျော်လာပါပြီ။ အသက်ကလည်း ၇၃ နှစ်ထဲကို ရောက်ပါပြီ။ သရုပ်ဆောင် အတတ်ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ်။ အခြားစီးပွားရေးတွေလည်း မရှိပါဘူး။ ရုပ်ရှင်ကို တော်တော်ဝါသနာပါတဲ့အတွက် အမူအရာလုပ်ရရင် အမြဲတမ်း သဘောကျပါတယ်။ ကင်မရာရဲ့နောက်ကွယ်က ညွှန်ကြားတာထက်စာရင် ကင်မရာရှေ့မှာ အမူအရာလုပ်ရတာကို အင်မတန်မှ သဘောကျပါတယ်။ ဒီလိုရိုက်ရင်းနဲ့ ကိုယ့်ရဲ့လှုပ်ရှားမှုတွေ များလာတော့ အခုလိုအသိအမှတ်ပြုပြီး ချီးမြှင့်ခြင်းခံရတယ်လို့ ထင်ပါတယ်။

**ဒါရိုက်တာ အောင်ဝမ်းသိန်းထွဋ်၊ အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**ဒါရိုက်တာ၊ အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော့်အနေနဲ့ ဘာမှမျှော်လင့်ထားတာ မရှိခဲ့ပါဘူး။ ကိုယ့်အနုပညာအပေါ်မှာ ငယ်ငယ်ကတည်းက လုပ်လာရတဲ့ ကိုယ်ရဲ့သမိုင်းပေးတာဝန်တစ်ခု လုပ်နေရတာပဲဖြစ်ပါတယ်။ ဒါကလည်း အောဝမ်းမိသားစုအမွေအနှစ်အနေနဲ့ လုပ်တဲ့အပေါ်မှာ အခုလို အသက်အရွယ်ရလာတဲ့အချိန် ရုပ်ရှင်အနုပညာထူးချွန်ဆုဆိုပြီး ကိုယ့်ကို သတ်သတ်မှတ်မှတ် ချီးမြှင့်တယ်ဆိုတော့ ဒီအသက်အရွယ်ရောက်လာမှ ကျားကန်ပေးလိုက်တယ်လို့ပဲ ခံစားရပါတယ်။

**ဒေါက်တာချစ်၊ စာပေထူးချွန်တံဆိပ်(ဒုတိယဆင့်)**
**စာရေးဆရာ**

ကျွန်တော်ရတဲ့ဆုက စာပေထူးချွန်ဆု(ဒုတိယဆင့်) ဖြစ်ပါတယ်။ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်ဆိုတဲ့ သတင်းကို ကြားလိုက်တဲ့အချိန်မှာ ဝမ်းသာပီတိဖြစ်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ နောက်ဆက်ပြီး နားထောင်လိုက်တော့ ဘွဲ့တံဆိပ်အမျိုးအစားပေါင်း ၂၆ မျိုးကျော်၊ လူပုဂ္ဂိုလ်က ၁၀၉၉ ဦးကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ချီးမြှင့်မယ်ဆိုတော့ ဝမ်းသာပီတိပိုဖြစ်ရပါတယ်။ ဒီအထဲမှာ သက်ရှိထင်ရှားရှိနေတဲ့ လူပုဂ္ဂိုလ်တွေသာမက ကွယ်လွန်ပြီးဖြစ်တဲ့ လူပုဂ္ဂိုလ်တွေကိုပါ ဘွဲ့တံဆိပ်ချီးမြှင့်တယ်ဆိုတော့ သူတို့ရဲ့မိသားစုဆွေမျိုးတွေပါ အံ့သြဝမ်းသာနေကြမယ်ဆိုတာတွေးပြီး ဝမ်းသာရပါတယ်။

ဒါ့အပြင် ကျွန်တော်ကိုယ်တိုင်က စာပေထူးချွန်ဆုရတယ်။ ကျွန်တော့် သမီးအကြီး မစန္ဒာခင်ကလည်း ဝဏ္ဏကျော်ထင်ဘွဲ့ရတဲ့အတွက် မပြောပြနိုင်လောက်အောင် ဝမ်းသာပါတယ်။ အရင်ကလည်းပဲ အမျိုးသားစာပေဆုပေးပွဲမှာ ၂၀၀၈ ခုနှစ်တုန်းက ကျွန်တော်တို့သားအဖနှစ်ယောက် အတူတူဆုရခဲ့ဖူးပါတယ်။ ဝမ်းသာပီတိ ဖြစ်ပါတယ်။ အဲဒီတုန်းက ဝမ်းသာပီတိဖြစ်တာထက် အခုတစ်ကြိမ်ဖြစ်တဲ့ ဝမ်းသာမှုက ပိုမိုပါတယ်။ ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။ အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်စန္ဒာခင်၊ ဝဏ္ဏကျော်ထင်ဘွဲ့**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

အခုကျွန်မ ချီးမြှင့်ခံရတဲ့ ဘွဲ့တံဆိပ်ကတော့ ဝဏ္ဏကျော်ထင်ဘွဲ့ ဖြစ်ပါတယ်။ ဒီဘွဲ့နဲ့ ပတ်သက်တယ်ဆိုရင်တော့ အများပြည်သူတို့ရဲ့ ကောင်းရာကောင်းကြောင်းကို ဖြစ်ထွန်းအောင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်ခြင်းအတွက် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်တယ်လို့ ကျွန်မအနေနဲ့ သိရှိမှတ်သားရပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖြစ် အသက် ၂၄ နှစ်ကစပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာ အချိန်ပိုင်း သရုပ်ပြဆရာမအဖြစ်နဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းယဉ်ကျေးမှုဝန်ကြီးဌာနကို ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမှာကျွန်မက ဓာတုဗေဒနဲ့ မဟာသိပ္ပံဘွဲ့ ရရှိထားတာဖြစ်တဲ့အတွက် ပထမတော့ နံရံဆေးရေး ပန်းချီထိန်းသိမ်းရေး ရှေးဟောင်းအဆောက်အအုံတွေမှာ ရှိနေတဲ့ အနုလက်ရာတွေကို ဓာတုဗေဒနည်းပညာနဲ့ ထိန်းသိမ်းတဲ့ လုပ်ငန်းကို စပြီးတာဝန်ယူရပါတယ်။

*စာမျက်နှာ ၉ သို့*

> **“ဘွဲ့တံဆိပ်အမျိုးအစားပေါင်း ၂၆ မျိုးကျော်၊ လူပုဂ္ဂိုလ်က ၁၀၉၉ ဦးကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တွေ ချီးမြှင့်မယ်ဆိုတော့ ဝမ်းသာပီတိပိုဖြစ်ရပါတယ်။ ဒီအထဲမှာ သက်ရှိထင်ရှားရှိနေတဲ့ လူပုဂ္ဂိုလ်တွေသာမက ကွယ်လွန်ပြီးဖြစ်တဲ့ လူပုဂ္ဂိုလ်တွေကိုပါ ဘွဲ့တံဆိပ်ချီးမြှင့်တယ်ဆိုတော့ သူတို့ရဲ့မိသားစုဆွေမျိုးတွေပါ အံ့သြဝမ်းသာနေကြမယ်ဆိုတာတွေးပြီး ဝမ်းသာရပါတယ်”**




ဒေါက်တာချစ်၊ စာပေထူးချွန်တံဆိပ်(ဒုတိယဆင့်)



ဒေါ်စန္ဒာခင်၊ ဝဏ္ဏကျော်ထင်ဘွဲ့




ဦးဇော်ဌေး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)

*စာမျက်နှာ ၈ မှ*

နောက်ပိုင်းထိန်းသိမ်းရေးတွေကို တာဝန်ယူပါတယ်။ နောက် ရှေးဟောင်းသုတေသနရဲ့ အောက်မြန်မာပြည် တာဝန်ခံ (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) အဖြစ် ဆောင်ရွက်ပါတယ်။ နောက်အမျိုးသား ယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ်နဲ့ တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ ဝန်ထမ်းဘဝကြာလာတဲ့အခါမှာ ဌာနရဲ့လုပ်ငန်းတွေ၊ အခြေအနေတွေကိုကြည့်ပြီး ကျွန်မတို့ရဲ့ ခံယူချက်တွေကလည်း ပိုပြီးလေးနက်လာခဲ့ပါတယ်။

ကျွန်မတို့အနေနဲ့ သူများနိုင်ငံနဲ့ ရင်ပေါင်တန်းနိုင်အောင်ဆိုရင် အလုပ်က ဒီလောက်လေး လုပ်နေရုံနဲ့မရဘူး။ အလုပ်ကို အရှိန်အဟုန်နဲ့ ပိုပြီးအဆပေါင်းများစွာ တိုးတက်ပြီးဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို ကျွန်မအနေနဲ့ တွေးမိပါတယ်။ ဒါကြောင့် ကျွန်မပိုပြီးသိအောင် တတ်အောင် အချိန်ပေးပြီးတော့ သင်ယူတယ်၊ လေ့လာတယ် ပြီးတော့ အားစိုက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ ကျွန်မကို ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပါတယ်။

အဲဒီအချိန်ကာလမှာဆိုရင် မြန်မာနိုင်ငံက ASEAN Summit ကို အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ရပါတယ်။ အဲဒီနောက် ဆီးဂိမ်းပြိုင်ပွဲကြီးကိုလည်း အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရပါတယ်။ နောက်အဲဒီအချိန်မှာ နိုင်ငံခြားဧည့်သည်တွေ၊ ခရီးသွားလုပ်ငန်းတွေလည်း တော်တော်လေး ဖွံ့ဖြိုးတိုးတက်ပါတယ်။ နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ဆိုင်ရာတွေကို ပြသရပါတယ်။ ပါဝင်ပြီး လုပ်ဆောင်ရပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုကဏ္ဍမှာ အတော်လေးဆောင်ရွက်ခဲ့ရပါတယ်။ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တွေကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံထဲမှာ ယဉ်ကျေးမှုအမွေအနှစ်တွေ အများကြီးရှိပါတယ်။ ပျူမြို့ဟောင်း၊ ပုဂံမြို့ဟောင်း၊ မြောက်ဦး စတဲ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတွေအပြင် ရွှေတိဂုံစေတီတော်နဲ့ ကျိုက်ထီးရိုးစေတီတော်ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့အတွက် ကြိုးစားခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာ ယူနက်စကိုရဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပျူမြို့ဟောင်းတွေဖြစ်တဲ့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းတွေ ရရှိခဲ့ပါတယ်။ ဒီအချိန်မှာ ရရှိခဲ့မယ်လို့ မမျှော်လင့်ပေမယ့် စွမ်းစွမ်းတမံကြိုးစားခဲ့တဲ့အတွက်ကြောင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း တစ်ယောက်တည်းအားနဲ့ရတာ မဟုတ်ခဲ့ပါဘူး။ အချိန်အား၊ ငွေအား၊ လူအား၊ ပညာရှင်အား စသဖြင့် အားပေါင်းစုံနဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

အခုအခါမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိအမှတ်ပြုပြီး ကျွန်မတို့ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းတဲ့အတွက် ပိုပြီးကျေနပ်ပီတိဖြစ်ရပါတယ်။ ဒီဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းဟာ ကျွန်မနဲ့အတူ ပူးပေါင်းပါဝင်ပတ်သက်တဲ့သူတွေအတွက်လည်း ဝမ်းသာကျေနပ်မှုတွေ ဖြစ်ရပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင် မျိုးဆက်သစ်တွေအတွက် အားကျအတုယူဖွယ်ရာတွေလည်း ဖြစ်စေမှာဖြစ်ပါတယ်။ နိုင်ငံကောင်းကျိုးအတွက် ကျရာကဏ္ဍကနေ အလုပ်တွေ ပိုပြီးတော့ အားစိုက်ဆောင်ရွက်ကြဖို့အတွက် တွန်းအားတစ်ခုလို့ ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံ့တာဝန်ကို အားစိုက်ဆောင်ရွက်ခဲ့တဲ့ ကျွန်မတို့ကို အခုလိုဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်တွေ ချီးမြှင့်ပေးခြင်းအတွက် ဝမ်းသာဂုဏ်ယူရသလို ကျေးဇူးလည်းအထူးတင်ရှိပါတယ်လို့ ပြောကြားပါရစေ။

**ဦးဇော်ဌေး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

**ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ကျွန်တော်က ၁၉၇၈ ခုနှစ်ကစပြီးတော့ ဝန်ထမ်းစလုပ်တာပါ။ ၂၀၁၅ ခုနှစ်မှာ ဝန်ထမ်းလုပ်သက် ၃၈ နှစ်နဲ့ ပင်စင်ယူခဲ့တာပါ။ ပြည်သူ့ဝန်ထမ်းဘဝက ပေးတဲ့တံဆိပ်တွေကို ကျွန်တော်ရခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ရခဲ့ပါတယ်။ ကျွန်တော်အခုလို ဆုချီးမြှင့်ခံရမယ်လို့ တကယ်မမျှော်လင့်ပါဘူး။ အမျိုးသားအောင်ပွဲနေ့မှာ ကျွန်တော့်ကို စီမံထူးချွန် ပထမအဆင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းမြောက် ဂုဏ်ယူပါတယ်။ ကျွန်တော်လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်မှုအပေါ် နိုင်ငံတော်က တန်ဖိုးထားပြီး ချီးမြှင့်တယ်လို့ ခံယူပါတယ်။ အခုလိုချီးမြှင့်တဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ချီးမြှင့်ထိုက်သူတွေကို ချီးမြှင့်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်သလို ချီးမြှင့်ခံရတဲ့သူတွေကိုယ်စားလည်း ဝမ်းသာတယ်။ ဆုတံဆိပ်ချီးမြှင့်ပေးတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

## နည်းပညာတက္ကသိုလ် (သန်လျင်) ၂၀၂၂ - ၂၀၂၃ ခုနှစ် ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

နည်းပညာတက္ကသိုလ် (သန်လျင်) တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) ဝင်ခွင့်ရမောင်မယ်သစ်လွင် ကျောင်းသားကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ နည်းပညာတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ မိဘများ၊ ဘွဲ့ကြို (ပထမနှစ်) ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနကြီးမှူး (သင်တန်းရေးရာ) က အမှာစကားပြောကြားပြီး ဌာနမှူးများက သင်ကြားမည့် ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံမိတ်ဆက်ရှင်းလင်းပြောကြားကာ ဘွဲ့ကြို (ပထမနှစ်) ဝင်ခွင့်ရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ နည်းပညာတက္ကသိုလ် (သန်လျင်) သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) တွင် ဘာသာရပ် ကိုးခု သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ ယုနန္ဒာဗိုလ်သည် ၎င်းအသုံးပြုသည့် "Yu Nandar Bo" Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ် (၈) ရပ်ကွက်နေ ချစ်စုဝေပိုင် သည် ၎င်းအသုံးပြုသည့် "Chit Su Wai Paing" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် နည်းပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ကြားသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) တို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံညစာစားပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
ဆောက်လုပ်ရေး ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် နည်းပညာဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲတွင် စာတမ်း ဖတ်ကြားသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်နှင့် ဗဟိုသင်တန်း ကျောင်း (သုဝဏ္ဏ)သို့ တက်ရောက် ပြီး ဆုရရှိသူများအား ဂုဏ်ပြု ဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံညစာ စားပွဲအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် နေပြည်တော် ဆောက် လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ဌာနကြီးမှူးများ၊ အရာထမ်း/ အမှုထမ်းများ၊ စာတမ်းရှင်များ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်နှင့် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) သို့ တက်ရောက်ပြီး ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက် လုပ်ရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဦးမျိုးသန့်က ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများအားလုံး တက်ညီ လက်ညီနှင့် ပြည်သူများ၏ လိုအပ် ချက်ဖြစ်သော လမ်း၊ တံတား၊ အဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြု မှတ်တမ်းတင်အပ် ပါကြောင်း။

ဝန်ထမ်းအချင်းချင်း စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက် မှသာလုပ်ငန်းများ အောင်မြင်မည် ဖြစ်သည့်အတွက် မိသားစုသဖွယ် စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါ ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ် သည့်အတွက် မည်သို့သော အခက်အခဲများ ကြုံတွေ့စေကာမူ နိုင်ငံတော်နှင့် ပြည်သူ့မျက်နှာကို ရှေးရှုပြီး ပါတီနိုင်ငံရေးကင်းရှင်းစွာ ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ မိမိတို့ အစဉ်အဆက်ဆောင်ရွက်ခဲ့သည့် နည်းစနစ်ကောင်းများ၊ အစဉ် အလာကောင်းများကို ဆက်လက် ထိန်းသိမ်းကာ မျိုးဆက်သစ် လူငယ်များကို လက်ဆင့်ကမ်းပေး ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျရာအခန်းကဏ္ဍမှ လုပ်ငန်းများ တိုးတက်အောင်မြင် အောင် ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

နှစ်ပတ်လည် အခါသမယတွင် အနှစ်သာရဖြစ်စေမည့် နည်းပညာ ဆိုင်ရာ စာတမ်းဖတ်ပွဲများကို နှစ်ရက်တိုင်တိုင် ကျင်းပပြီး ရရှိလာသည့် ဝန်ကြီးဌာနအတွက် အသုံးဝင်သော သုတေသနဆိုင်ရာ အချက်အလက်များကို ဒေသ အသီးသီးမှာရှိသည့် လုပ်ငန်းခွင် များတွင် ရောက်ရှိကျင့်သုံး နိုင်ရန် သက်ဆိုင်ရာဌာန အကြီးအကဲများက ဝိုင်းဝန်းပံ့ပိုး ပေးကြရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူး ချုပ်များက ဆောက်လုပ်ရေး ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နည်းပညာ ဆိုင်ရာ သုတေသနစာတမ်းဖတ် ကြားသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်နှင့် ဗဟိုသင်တန်း ကျောင်း (သုဝဏ္ဏ) တို့တွင် ထူးချွန် ဆုရရှိခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ပြီး မိတ်ဆုံညစာစားပွဲကို အတူ တကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ASEAN-PAC ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၂

**အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption – ASEAN–PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Hyatt Regency Phnom Penh ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။**




(၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်း အဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (Anti–Corruption Unit – ACU) ဒုတိယဥက္ကဋ္ဌ H.E. YONN SINAT နှင့် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်တို့က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ASEAN–PAC အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ (Anti–Corruption Unit–ACU) ဥက္ကဋ္ဌ H.E. Kittinitikosalbindit Om Yentieng က အဖွင့်အမှာ စကား ပြောကြားသည်။

အစည်းအဝေးသို့ ASEAN–PAC အဖွဲ့ဝင်နိုင်ငံများ ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများမှ အကြီးအကဲများနှင့် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ အပါ အဝင် ကိုယ်စားလှယ် စုစုပေါင်း ၅၉ ဦး ပါဝင် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ASEAN–PAC နားလည်မှု စာချွန်လွှာ (Memorandum of Understanding–MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပါဝင်လက်မှတ် ရေးထိုးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ACU)ဥက္ကဋ္ဌ၊ Senior Minister၊ H.E. Kittinitikosalbindit Om Yentieng နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (Memorandum of Under–standing –MoU) ကို လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ဖလှယ်ရန်၊ အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ဖြစ်သည့် စစ်တမ်းကောက်ယူခြင်း၊ အဂတိလိုက်စား နိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း၊ ဖြောင့်မတ် တည်ကြည်မှုမြှင့်တင်ခြင်းနှင့် နည်းပညာအထောက် အကူပြု ကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်နိုင်ရေး တို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ခိုင်မာအားကောင်း စွာတည်ဆောက်ထားနိုင်ပြီး ယခုကဲ့သို့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာ အားကောင်းအောင် တည်ဆောက်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး နယ်ပယ်တွင် အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်း များကို အပြန်အလှန်မျှဝေခြင်းဖြင့် ထိရောက် သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက် မှုများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**



## ကျောက်ဆည်နည်းပညာတက္ကသိုလ်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ကျောက် ဆည် နည်းပညာတက္ကသိုလ် အောင်ဆန်းခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ခရိုင်အဆင့်ရှာဖွေ ကယ်ဆယ်ရေးသင်တန်း (၁/၂၂) ဖွင့်လှစ်ခဲ့ရာ တပ်နယ်မှူး ဗိုလ်မှူး ချုပ် သိန်းထွေး၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်း နှင့်အဖွဲ့ဝင်များ၊ နည်းပညာ တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ချင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ခရိုင် မီးသတ်ဦးစီးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောလွင်အေး နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် သင်တန်း သား ၅၀ တက်ရောက်သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက မျက်မှောက်ခေတ် ကာလတွင် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံ များတွင် ငလျင်ဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ် များ မကြာခဏဖြစ်ပေါ်နေကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ ရှေ့တန်း ကျကျ တုံ့ပြန်ရင်ဆိုင်နိုင်ရန် အတွက် မိတ်ဖက်အဖွဲ့အစည်း များနှင့်အတူ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ခေတ်မီ အခြေခံ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ ကျွမ်းကျင်ပိုင် နိုင်စွာဖြင့် အသုံးပြုပြီး အခြေခံ ရှာဖွေ ကယ်ဆယ်ရေး နည်းစနစ် များကို လက်တွေ့တတ်မြောက် စေရန် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ နှင့်သင်တန်းသားများကသင်တန်း တွင် လက်တွေ့ကိုင်တွယ်အသုံးပြု သွားမည့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ခေတ်မီ အခြေခံ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်း ကိရိယာများအား ကြည့်ရှုလေ့လာ ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

**သက်မောင်(ကျောက်ဆည်)**

# မြို့နယ်အချို့၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၂

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဖတ်စာအုပ် အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**



တောင်ငူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာမူလတန်းကျောင်းရှိ ပစ္စည်းများအား ဝင်ရောက်ဖျက်ဆီးမှု။

သို့ရာတွင် NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ မုံညှင်းကျေးရွာသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ မုံညှင်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းစောင့်ဖြစ်သူ ဦးစန်းလွင် (၅၆) နှစ် (ဘ) ဦးအောင်ဖေနှင့် ၎င်း၏သမီးဖြစ်သူ ပေါက်မြို့နယ် မြသိန်းတန်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဒုတိယအလယ်တန်းပြကျောင်းဆရာမဖြစ်သူ မဇင်ဝေလွင် (၃၅) နှစ်တို့အား "ဒလန်" ဟု စွပ်စွဲပြောဆိုကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးစန်းလွင်နှင့် မဇင်ဝေလွင်တို့တွင် သေနတ်ထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဲဖြူချောင်းဝကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်လာပြီး ကျောင်းဝင်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းရှိ ကျောင်းနံရံများ၊ အိမ်သာနံရံများ၊ စာရေးစားပွဲခုံများ၊ ကျောင်းသုံးစာအုပ်များ အပေါ်တွင် သဘော်ဆေးများဖြင့် "PDF/PDS" စာသားများ ရေးသားထားကာ စာသင်ကျောင်းအတွင်းရှိ ဗီရိုများ၊ ရုံးသုံးပစ္စည်း စာရေးကိရိယာများအား မွှေနှောက်ဖျက်ဆီးခဲ့သဖြင့် ကျောင်းသုံးစာရွက်စာတမ်းများ ပျက်စီးခဲ့ကြောင်းနှင့် သဲဖြူချောင်းဝ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆရာ၊ ဆရာမ သုံးဦးမှ ကျောင်းသား၊ ကျောင်းသူ ၅၀ တို့ကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန်အားပေးလှုံ့ဆော်နေသည့် NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းနှင့် ယန္တရားအပိုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

**တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်း တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၁၃၇,၂၁၄,၄၆၄) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုနစ်မ်းကျော့ နယ်စပ်ဂိတ်အနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများနှင့် ယန္တရားအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇,၇၃၁,၃၈၄) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ခရီးသည်ဝန်စည်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် မိုဘိုင်းလ်ဖုန်း (အဟောင်း) ၄၇ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၇၀၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်တာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၂၅၀,၀၀၀) ကို လည်းကောင်း၊ မြဝတီ(OSS) ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းအဖွဲ့က တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်ဘီး (အဟောင်း) အစီး ၁၅၀၊ ( ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၇၉၄,၀၅၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၄၄,၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၆၈ ဒသမ ၇၈၉၂ တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆,၁၅၃,၉၈၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၁၉၂,၈၄၃,၈၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြစ်ကမ်းပါးပြိုကျ၍ ဖျက်သိမ်းပြောင်းရွှေ့ရသည့် အိမ် ၂၁ လုံးအတွက် ထောက်ပံ့ငွေပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းညိုရွာသစ်ကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ် ၂၁ လုံးအတွက် ထောက်ပံ့ငွေများကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၁ ရက်က ပေးအပ်သည်။

အဆိုပါကျေးရွာမှ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ၂၁လုံး၊ အိမ်ထောင်စု ၂၁ စုရှိ လူဦးရေ ၉၅ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၂၉၉၅၀၀ ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာရွှေက ကျေးရွာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ **ကိုဇော်(ခာတု)**

## ရေအသုံးချသူအဖွဲ့ဝင် တောင်သူများအား စိုက်ပျိုးရေးအသိပညာပေး သင်တန်းပို့ချ

**အုတ်တွင်း နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရေအသုံးချသူအဖွဲ့များမှ အဖွဲ့ဝင်တောင်သူ ၂၄ ဦးအား အသိပညာပေး သင်တန်း ( ၁၁/၂၀၂၂) ကို နိုဝင်ဘာ ၂၂ ရက်က ဟင်းငုတ်ပင် ဆည်မြောင်းရုံးဝင်းဧည့်ရိပ်သာ၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး က နှုတ်ဆက်စကားပြောကြားကာ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆည်ရေစီမံခန့်ခွဲရေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် လယ်ယာမြေဥပဒေ၊ သီးနှံအထွက်တိုးရေး၊ နည်းပညာနှင့် စနစ်တကျလယ်ယာမြေ ဖော်ထုတ်ခြင်းတို့ကို သက်ဆိုင်ရာဌာနအလိုက် သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ ခပေါင်းဆည်ရေသောက်၊ ဖြူးချောင်းဆည်ရေသောက်၊ ချောင်းမကြီးဆည်ရေသောက်၊ ဆွာချောင်းဆည်ရေသောက်၊ ပဲချက်ကုန်းစက်ရေတင်၊ ပသိဆည်ရေသောက်၊ ကမ်းနီဆည်ရေသောက်၊ မင်းရဲဆည်ရေသောက်၊ ရေသိုးဆည်ရေသောက်၊ သဖန်းပင်စက်ရေတင်တို့မှ ရေအသုံးချသူအဖွဲ့ (WUG) ခေါင်းဆောင် ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်ရမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ ရှင်းလင်းဆွေးနွေးပွဲမှ သိရှိရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အချက်အလက်များ၊ အသိအမြင်ဗဟုသုတများကို မိမိပတ်ဝန်းကျင်အဖွဲ့အစည်းများသို့ ပြန်လည်မျှဝေ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ကြရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ ပြည်သူများ၏ ယုံကြည်မှုလျော့ကျစေခြင်းတို့အပြင် နိုင်ငံ၏အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုကြီးတစ်ခုလုံး ယိုယွင်းပျက်စီးစေနိုင်၍ မိမိကစပြီး အဂတိလိုက်စားမှုကို ငြင်းဆိုရန်၊ အဂတိကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်းနှင့် လာရောက်ဟောပြောဆွေးနွေးပေးသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုများ၊ ကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအကြောင်းကို ပြောကြားကာ ကော်မရှင်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး သမိုင်းကြောင်းနှင့် ကော်မရှင်ဖြစ်ပေါ်လာပုံ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အသိပညာပေးကဏ္ဍ၊ တားဆီးကာကွယ်ရေးကဏ္ဍနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍ စသည်တို့ကို ဆွေးနွေးပို့ချကာ ညနေပိုင်းတွင် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကာ နိုဝင်ဘာ ၂၂ ရက်တွင်လည်း တိုင်းဒေသကြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) မှ အဖွဲ့ဝင်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများ ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

---




ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း ဒုတိယအကြိမ် အာဆီယံ ဒစ်ဂျစ်တယ် ပြည်သူ့ကျန်းမာရေး ကွန်ဖရင့်အား Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးစဉ်။

# ဒစ်ဂျစ်တယ်နည်းပညာ ပလက်ဖောင်းအသုံးပြု၍ သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် ကပ်ရောဂါတုံ့ပြန်ရေးအစီအစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဘရူနိုင်းနိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကြီးမှူး၍ ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ် ပြည်သူ့ကျန်းမာရေးကွန်ဖရင့်(The 2nd ASEAN DIGITAL PUBLIC HEALTH CONFERENCE)ကို ယနေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းနိုင်ငံ Empire ဟိုတယ်၌ Hybrid method ဖြင့် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် ဘရူနိုင်း နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး(၂) Mr. Pehin Dato Abdul Rahman က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Lim Jock Hoi က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးများ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများပါဝင်သော Building a Resilient ASEAN ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ရာ အဆိုပါဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း အာဆီယံနိုင်ငံများ၏ နိုင်ငံအလိုက် အောင်မြင်မှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အနာဂတ် ဦးစားပေးအစီအစဉ်များနှင့် နောင်ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များကို တုံ့ပြန်နိုင်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှတ်တမ်း (Covid-19 Vaccination Certificate) အား VMIS စနစ်ဖြင့် အာဆီယံ Digital Portal တွင် ထည့်သွင်းခဲ့ပြီး အာဆီယံနိုင်ငံများအားလုံးမှ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးမှတ်တမ်းအား စိစစ်နိုင်ခဲ့မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး အချက်အလက်များကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသတွင်းနိုင်ငံများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူ့ကျန်းမာရေးအရေးပေါ်တုံ့ပြန်မှု အစီအစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာ ပလက်ဖောင်းအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် ကပ်ရောဂါတုံ့ပြန်ရေးအစီအစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကွန်ဖရင့်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပရာ အာဆီယံနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာပညာရှင်များက ဒစ်ဂျစ်တယ်ပြည်သူ့ကျန်းမာရေး ကိစ္စရပ်များကို အစီအစဉ်အလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Working Group – JWG) ၏ (၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ ယနေ့မွန်းလွဲ ၁ နာရီက Virtual Conference စနစ်ဖြင့် ကျင်းပပြုလုပ်ရာ မဲခေါင်-လန်ချန်း ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ Focal Department ဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးသည်။**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေးစီမံခန့်ခွဲမှုအဖွဲ့ (NRRA)မှ ညွှန်ကြားရေးမှူးချုပ် Mr. Xin Jiamin နှင့် ထိုင်းနိုင်ငံ Community Development Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ Focal Department ဖြစ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်မှု အတွေ့အကြုံများ မျှဝေဖလှယ်ခြင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဆင်းရဲမှုလျှော့ချရေးကဏ္ဍ ငါးနှစ်စီမံချက် (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၃-၂၀၂၇ စီမံချက်အတွက် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး စီမံခန့်ခွဲမှုအဖွဲ့ (NRRA) မှ ညွှန်ကြားရေးမှူးချုပ်နှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Working Group– JWG)မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



---

**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# တွစ်တာပိုင်ရှင်အသစ် အီလွန်မက်ခ်လက်ထက်တွင် အလုပ်သမား ၅၀၀၀ နီးပါး အလုပ်ထွက်




အီလွန်မက်ခ်ကို တွစ်တာကိုယ်စားပြု ငှက်ပုံစံသင်္ကေတနှင့်အတူ တွေ့ရစဉ်။

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

လူမှုကွန်ရက်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် တွစ်တာသည် နောက်တစ်ကြိမ် အလုပ်ထုတ်ပယ်မှု ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြလိုက်သည်။

လွန်ခဲ့သောလနှောင်းပိုင်းတွင် အီလွန်မက်ခ် တွစ်တာကိုထိန်းချုပ်လိုက်ချိန်မှစကာ လုပ်သားအင်အား ၆၀ ရာခိုင်နှုန်းကျော် သို့မဟုတ် အလုပ်သမား ၅၀၀၀ နီးပါး ကုမ္ပဏီမှ ထွက်ခွာခဲ့သည်။

အရောင်းမြှင့်တင်ရေးတွင် အလုပ်လုပ်နေသော အလုပ်သမားများသည် တနင်္ဂနွေနေ့ နှောင်းပိုင်းက နောက်ဆုံးအလုပ်လုပ်ရသည့်နေ့ဟု ဆိုသည့် အသိပေးစာတစ်စောင် လက်ခံရရှိခဲ့ကြောင်း ခိုင်မာသည့် သတင်းရင်းမြစ်များကို ကိုးကားပြီး ဘလွန်းဘာ့ဂ်က ဖော်ပြခဲ့သည်။ တွစ်တာကုမ္ပဏီတွင် မလိုအပ်တော့ပါဆိုပြီး မက်ဆေ့ချ်တွင် ဖော်ပြခဲ့သည်။

အီလွန်မက်ခ်က လွန်ခဲ့သောသီတင်းပတ်က ဝန်ထမ်းများကို စွမ်းအားမြှင့်ပြီး အလုပ်ချိန်အကြာကြီး ဆက်လုပ်မလား၊ သွားမလား ဆိုသည့် ရာဇသံပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံအလယ်ပိုင်း စက်ရုံတစ်ရုံမီးလောင်မှု သေဆုံးသူ ၃၈ ဦးအထိ ရှိလာ

**ကျင့်ကျိုး နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံအလယ်ပိုင်းရှိ စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာမှ သေဆုံးသူအရေအတွက် ၃၈ ဦးအထိ ရှိလာကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၂၂ ရက်တွင် ပြောသည်။

ဟိုင်နယ်ပြည်နယ် အန်ယန်းမြို့ ဝင်ဖန်းခရိုင်ရှိ ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတစ်ခု၏ စက်ရုံ၌ နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီ ၂၂ မိနစ်တွင် အဆိုပါ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။



အရေးပေါ် စီမံခန့်ခွဲရေး ဝန်ကြီးဌာနက ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း နှင့် အရေးပေါ် စီမံခန့်ခွဲရေး ဝန်ကြီး ဝမ်ရှောင်ရှီးက နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မီးသတ်တပ်ဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသ အာဏာပိုင်များက ကယ်ဆယ်ရေး လုပ်ငန်းများကို ပူးတွဲလုပ်ဆောင်နိုင်ရန်အတွက် လူစုစုပေါင်း ၂၄၀ နှင့် ယာဉ် ၆၃ စီးကို အခင်းဖြစ်ပွားရာသို့ စေလွှတ်ထားသည်ဟု ဆိုသည်။ ညသန်းခေါင်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ယမန်နေ့ ငလျင်လှုပ်မှုမှ သေဆုံးသူ ၂၆၈ ဦးအထိ မြင့်တက်လာ

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ ယမန်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ စုစုပေါင်း ၂၆၈ ဦးအထိ ရှိလာပြီး အခြား ၁၅၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဆူဟာရန်တိုက ပြောသည်။

နိုဝင်ဘာ ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀၈၃ ဦးရှိလာပြီး အခြား ၅၈၃၆၂ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ၂၂၀၀၀ ကျော် ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဆူဟာရန်တိုက ပြောသည်။

နိုဝင်ဘာ ၂၂ ရက် အစောပိုင်းတွင် ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကာ ထိခိုက်ဒဏ်ရာရရှိသူများကို ဦးစားပေး ကယ်ဆယ်မှုပြုလုပ်ရန် အာဏာပိုင်များကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက တောင်းဆိုထားသည်။ ထို့အပြင် ငလျင်ကြောင့် ပျက်စီးသွားသည့် အိုးအိမ်များအတွက် အင်ဒိုနီးရှား ရူပီယာ ၁၀ သန်းမှ သန်း ၅၀အထိ အစိုးရအနေဖြင့် လျော်ကြေးပေးသွားမည်ဖြစ်ကြောင်းနှင့် ဆောက်လုပ်မည့် အိမ်အသစ်များသည် ငလျင်ဒဏ်ခံနိုင်ရည် ရှိရမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောသည်။

အဆိုပါငလျင်သည်အနောက် ဂျာဗားပြည်နယ် စီအန်ဂျာခရိုင်၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာအကွာကို ဗဟိုပြု၍ နိုဝင်ဘာ ၂၁ ရက်က ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၁ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိသော ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံတောင်ပိုင်း ကားဗုံးပေါက်ကွဲ တစ်ဦးသေဆုံးပြီး ၂၈ ဦး ဒဏ်ရာရ

**ဘန်ကောက် နိုဝင်ဘာ ၂၂**

ထိုင်းနိုင်ငံတောင်ပိုင်း ရဲများတည်းခိုရာအပြင်ဘက်တွင် နိုဝင်ဘာ ၂၂ ရက်က ကားဗုံးပေါက်ကွဲခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး နှစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောခဲ့သည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ထိုင်းနိုင်ငံ တောင်ဘက်စွန်းပြည်နယ်တစ်ခုဖြစ်သော နာရာသီဝက်တွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်ကတည်းက ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပဋိပက္ခအသေးအဖွဲ့များဖြစ်ပွားခဲ့ရာ လူ ၇၀၀၀ ကျော် သေဆုံးခဲ့သည်။

နာရာသီဝက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဆာနန်ပွန်ကာဆွန်က သံသယရှိသူတစ်ဦးသည် ရဲများတည်းခိုရာသို့ ကားကို အရှိန်ဖြင့် မောင်းဝင်လာခဲ့ကာ ကားကိုထားခဲ့ပြီးနောက် မကြာမီ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ပြောသည်။

ရဲများသည် လုံခြုံရေးကင်မရာမှတစ်ဆင့် သံသယရှိသူကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ဖြစ်နိုင်သမျှသောလှုပ်ရှားမှုများကို စုံစမ်းထောက်လှမ်းလျက်ရှိကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် လူတစ်ဦးသေဆုံးခဲ့ပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒဏ်ရာရရှိခဲ့သူများထဲတွင် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်လျက်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။ **အေအက်ဖ်ပီ**



ကားဗုံးပေါက်ကွဲခဲ့သည့်နေရာကို တွေ့ရစဉ်။

# ပြည်တွင်းထုတ် ကိုဗစ်-၁၉ ကုသဆေးများကို ဂျပန်အတည်ပြု

**တိုကျို နိုဝင်ဘာ ၂၂**

ဂျပန်နိုင်ငံသည် ကိုဗစ်-၁၉ ကို ကုသနေသော ဆရာဝန်များစောင့်မျှော်နေသော ဆေးပြားကို အသုံးပြုရန် အတည်ပြုခဲ့ပြီး ၎င်းဆေးကို မည်သည့် ကိုဗစ်-၁၉ ရောဂါလက္ခဏာမဆို ကုသနိုင်ကြောင်း သိရသည်။

ကျွမ်းကျင်သူများသည် ရှီအိုနိုဂီ၏သောက်ဆေး ဇိုကိုဗာကို ကိုဗစ်-၁၉ ကုသရန် အရေးပေါ်အသုံးပြုခွင့်ပေးခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ကာတိုကက်ဆူနိုဘူက နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက သတင်းထောက်များကို ပြောခဲ့သည်။

ပြည်တွင်းထုတ် ဆေးပြားသည် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများနှင့် ဖျားနာခြင်းကို ထိရောက်စွာကုသနိုင်ကြောင်း စမ်းသပ်မှုများက ဖော်ပြခဲ့သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

တခြားသောက်ဆေးနှစ်မျိုးကို ကိုဗစ်-၁၉ ရောဂါလက္ခဏာ အပျော့စားများကုသရာတွင် အသုံးပြုခွင့်ပေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ ၂၃၈၈ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်

**စင်ကာပူ နိုဝင်ဘာ ၂၂**

စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် ခံရသူ ၂၃၈၈ ဦး စစ်ဆေးတွေ့ရှိကြောင်း၊ လက်ရှိတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၁၆၇ ဦးရှိပြီး ရှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်အရ သိရသည်။ စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၇၀၁ ဦးရှိအထိရှိလာပြီ ဖြစ်သည်။

**ဆင်ဟွာ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မာရ်အောင်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါက် နီးဘုရားကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီ ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အနန်းပင်ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေး ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျောင်းလုံသီရိနေဝ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ နေမင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်နှင့် ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ ထီးလင်းဘုန်းတော်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ တောင်တန်းဒေသထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ မရမ်းအူကွင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြရတနာသီရိကျောင်းတိုက်၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက် နှစ်တိုက်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မြစ်ဖျားကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စလင်းမြို့နယ်ရှိ မင်္ဂလာတောရဘုန်းတော်ကြီးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ သုခါရာမ တောရဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မှူန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်အတွင်းရှိ ဧရိယာ ၁,၄၀၆ ဧကကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အတွက် **"မှူန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၂) အရ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)မှ စ၍ သတ်မှတ်ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။



မှူန်တောင်ဒေသသည် ဟားခါး-မှန်တောလမ်း ဟားခါးမြို့မှ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ မှူန်တောင်ကြောအတွင်း တည်ရှိပြီး ဟားခါးမြို့နှင့် နီးစပ်သဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သောနေရာဖြစ်ခြင်း၊ တောဆိတ်နှင့် တောင်ဆိတ်များစွာ ကျက်စားသည့် ထူးခြားထင်ရှားသည့် ကျောက်ကမ်းပါးယံကြီးတစ်ခု တည်ရှိခြင်းကြောင့် ဘူမိရုပ်သွင်ထူးခြားသော ဒေသဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်သည်။

ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ၊ တောင်ဇလပ်နီနှင့် ချယ်ရီပင်များနှင့် သစ်ခွမျိုးစုံ ပေါက်ရောက်ပြီး သဘာဝတောအနေအထားများ ကောင်းမွန်ခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များ စုံလင်စွာကျက်စားသည့် ဒေသဖြစ်သည့်အပြင် ဒါအိုချိန်း၊ အိုင်ဗဲ၊ မှိုင်ခါ၊ ဗန်ဟာ၊ ကျင်ခွာ၊ ဖါရ်ရွှန်းနှင့် ဖီးရ်သီးကျေးရွာတို့မှ အဓိက အားထားရာဒေသတစ်ခုဖြစ်ခြင်း၊ ဘူမိရုပ်သွင်ပြင် ထူးခြားသည့် သဘာဝကျောက်ကမ်းပါးယံကြီး တစ်ခုတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် တောဆိတ်နှင့် တောင်ဆိတ်တို့ အများအပြားထူးခြားစွာ ကျက်စားနေထိုင်ခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်သဖြင့် မှူန်တောင်ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပြင်ဦးလွင်မြို့ အထက(၂)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၂**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဆရာမကြီး ဒေါ်နန်းတင်တင်ဌေးက ဦးဆောင်၍ Grade -11 မှ မဆိုင်းနူးမိုင်နှင့် မပြည့်ဖြိုးကြွယ်တို့က လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေအကြောင်း၊ Grade -10 မှ မောင်ခန့်ဇင်ဟိန်းနှင့် မောင်အုပ်မင်းခန့်တို့က လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။




အဆိုပါ လူငယ်စကားဝိုင်းသို့ ပြင်ဦးလွင်ခရိုင် ပြန်/ဆက်မှ အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ် အထက (၂) မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး လူငယ်စကားဝိုင်းအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များအား အခမ်းအနား တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၂၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၀၄,၃၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၄၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၁) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၉၂၀ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၅၅ | ၂၂၅၅ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၆၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၉၀ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၅ | ၂၆၀၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၅ | ၂၈၆၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၄ | ၂၀၄၇ |
| 95 Ron | ၂၀၆၈ | ၂၁၄၃ |
| HSD (500 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (50 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (10 ppm) | ၂၄၄၄ | ၂၅၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မသင်မနေရ မြန်မာ့ပညာရေး အောင်မြင်ပါမှ ...

ဒေါက်တာ မောင်သင်း

**"ပညာရေးသည် အခြားမဟုတ်၊ လူသား၏ ပင်ကိုအရည်အသွေး တိုးတက်ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပေးခြင်းပင် ဖြစ်သည်။"**

**ရူးဆိုး (Rousseau)**

ကျွန်တော်တို့ ယနေ့နိုင်ငံတော်အတွက် ကြိုးပမ်းနေကြသောအရာများသည် ကိုယ့်နိုင်ငံကို သူများ (ကမ္ဘာ့နိုင်ငံများ) နှင့် တူတူတန်တန်နေနိုင်ရန်၊ မျက်နှာပွင့်နိုင်ရန် ဖြစ်ပါသည်။ အထူးသဖြင့် အနာဂတ် မျိုးဆက်သစ်များအတွက် ရည်ရွယ်မျှော်မှန်းပြီး လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ အဆိုပါ မျှော်မှန်းချက်ကို အကောင်အထည်ဖော်သည့်နေရာမှာ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာမှုတို့၏ အခြေခံအုတ်မြစ်သည် နိုင်ငံသားတစ်ဦးချင်းစီ၏ ပညာရည်မြင့်မားမှုအပေါ် မူတည်နေသည်ဟုခံယူပြီး ဆောင်ရွက်ရပါလိမ့်မည်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ချင်လျှင်**

နိုင်ငံသားတိုင်းတွင် မဖြစ်မနေ ရှိသင့်ရှိအပ်သော ဉာဏ်ပညာအရည်အသွေးမြင့်မားလေလေ တိုင်းပြည်အေးချမ်းလေလေ ဖြစ်ပါသည်။ တိုင်းပြည်ငြိမ်းချမ်းပါမှ ဖွံ့ဖြိုးမှုကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည်။ ထို့ကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ချင်လျှင် နိုင်ငံသားများ၏ ပညာရည်မြင့်မားမှုကို ဦးစားပေးဆောင်ရွက်သင့်သည်ဟု ခံယူပြီး ပညာရေးကို အကောင်အထည်ဖော်ရပါလိမ့်မည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၆ ခုနှစ်တွင် **"ပညာရေးစနစ်စုံစမ်းမှု"** ကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါကော်မတီ၏ အစီရင်ခံစာတွင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးနှင့်ပတ်သက်ပြီး ယခုလို အကြံပြုဖော်ပြခဲ့ပါသည် –

(က) ခြောက်နှစ်မှ ဆယ်နှစ်အထိ ယောကျ်ားလေး၊ မိန်းကလေးအားလုံးအတွက် အခမဲ့ မူလတန်း မသင်မနေရ စနစ်တစ်ခုကို ချက်ချင်းစတင် စီမံဆောင်ရွက်ရန်၊

(ခ) မသင်မနေရလုပ်ငန်းအတွက် ပိုမိုကုန်ကျမည့် စရိတ်ကြေးငွေကို ဗဟိုအစိုးရနှင့် ဆိုင်ရာဒေသန္တရတို့က မျှ၍ဆောင်ရွက်ကြရန်ဟု ပါရှိပါသည်။

**ငွေကုန်သလောက် အကျိုးရှိသည့်စနစ်**

ထိုအစီရင်ခံစာ၌ ၁၉၂၅ – ၂၆ က အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ပညာရေးအစီရင်ခံစာကို ကိုးကားဖော်ပြထားသည်လည်း ပါဝင်ပါသည်။ ယင်းမှာ **"မသင်မနေရ စနစ်သည် ငွေကုန်သလောက် အကျိုးရှိသဖြင့် အချိန်အခါ ကောင်းသည့်တိုင်အောင် စောင့်ဆိုင်းနေနိုင်သော အပိုစနစ်မဟုတ်၊ သို့အတွက် ဤစနစ်ကို စတင်ဆောင်ရွက်ရန် အမြန်ဆုံးနှင့် အများဆုံး ကြိုးစားလုပ်ဆောင်ကြရမည်"** ဟူ၍ ဖြစ်ပါသည်။

ထို့အတူ **"ငွေမလောက်ခြင်းကို အကြောင်းပြု၍ လက်မှိုင်ငေးနေရန် မသင့်ကြောင်း"** ဟုလည်း ဖော်ပြထားပါသည်။ တကယ်တော့ ဒေါက်တာဘမော်၏ ပါတီမဲဆွယ်စည်းရုံးစဉ်ကာလ (၁၉၄၀ ပြည့်နှစ်မတိုင်မီ)တွင် မသင်မနေရ မူလတန်း ပညာရေးကို အကောင်အထည်ဖော်မည်ဟု ပါရှိခဲ့ပါသည်။ သို့သော်လည်း လွတ်လပ်ရေးရပြီးနောက် စုစုပေါင်းနှစ် ၇၀ ကျော်ကြာသည်အထိ အကောင်အထည်ပေါ်မလာခဲ့ပါ။ ယနေ့ အောင်မြင်အောင် ကြိုးပမ်းရမည့်ကာလရောက်ပြီဟု မြင်မိပါသည်။

**ဖိုးသုညတွေနှင့် နိုင်ငံတည်ဆောက်၍မရနိုင်**

ပါလီမန် ဒီမိုကရေစီအစိုးရ လက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ယူခဲ့သည့် ဦးနု၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်သည့် ထင်ရှားသည့် စကားမှာ **"ဖိုးသုညတွေနှင့် နိုင်ငံတည်ဆောက်၍မရနိုင်"** ဟူ၍ ဖြစ်ပါသည်။ ကိုလိုနီဆိုးမွေနှင့် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် စာမတတ်သူ ၆၅ ရာခိုင်နှုန်းကျော်ရှိသည်ကို လျှော့နည်းစေလို၍ **"လူထုပညာရေးစီမံကိန်း"** ကို ချမှတ်ခဲ့သော်လည်း ထိုအချိန်က နိုင်ငံရေးအခြေအနေ အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ပေ။ မဆလခေတ်တွင် စာတတ်မြောက်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်ခဲ့သော်လည်း မသင်မနေရ အခြေခံပညာရေးကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိပေ။ ဆောင်းပါးအစတွင် ညွှန်းထားသည့် အတွေးအခေါ် ပညာရှင်ကြီး ရူးဆိုး(Rousseau) ပြောသကဲ့သို့ "လူသား၏ ပင်ကိုအရည်အသွေး တိုးတက်ဖွံ့ဖြိုးသူများ" နိုင်ငံအနှံ့ ရှိစေလို၍ ပညာရေးကို တိုင်းပြည်မငြိမ်မသက်ဖြစ်နေသည့်ကြားက အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

မသင်မနေရ ပညာရေးအဆင့်ကို ပြီးမြောက်သွားလျှင် နိုင်ငံသားကောင်းတစ်ဦးတွင် ရှိသင့်ရှိအပ်သော **"ပညာရေးအခြေခံ"** များကို ဖြည့်ပေးနိုင်လိမ့်မည်။ အဆိုပါ ပညာအခြေခံရှိပါမှ လူ့အဖွဲ့အစည်း ကောင်းကျိုးများနှင့် ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှုတို့ကို သယ်ပိုးနိုင်မည်ဖြစ်၍ ဒုတိယကမ္ဘာစစ်အပြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ မူလတန်းအဆင့်ပညာရေးကို နိုင်ငံသားတိုင်း ပြီးမြောက်စေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတကာ၏ ရည်မှန်းချက်နှင့်အညီ ကျွန်တော်တို့လည်း အမီလိုက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်ကတည်းက ရည်မှန်းချက်ထားခဲ့ပြီး ထိုအချိန်ကတည်းက အစိုးရကို အကြံပြုခဲ့ကြပါသည်။ သို့သော်လည်း အထက်မှာ ပြောခဲ့သလို လွတ်လပ်ရေးရပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ပြည့်ပြည့်ဝဝ အကောင်အထည်မပေါ်လာခဲ့ပါ။

**နိုင်ငံအသီးသီး၏ အခြေခံပညာရေး ရည်မှန်းချက်နှစ်ချက်**

ယနေ့ ၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ မသင်မနေရ အခြေခံပညာရေး အကောင်အထည်ဖော်ရခြင်းကို အဓိက ရည်မှန်းချက် နှစ်ချက်ထားရှိပြီး ဆောင်ရွက်နေကြပါသည်။

(၁) မိမိ၊ မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် အလုပ်ခွင်တို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများကို စနစ်တကျ ရင်ဆိုင်ဖြေရှင်းပေးရာတွင် အထောက်အကူဖြစ်မည့် စာပေတတ်မြောက်မှု (အရေး၊ အဖတ်၊ အတွက်နှင့် အခြေခံဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ)နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် ပြည်သူပြည်သားကောင်းများ မွေးထုတ်ပေးရန်၊

(၂) ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာပညာသင်ယူရေး (Formal Education နှင့် Informal Education တို့ကို ဆက်စပ်နိုင်ရေး)အတွက် ပညာအခြေခံအုတ်မြစ်များ ချထားပေးရန်တို့ ဖြစ်ပါသည်။



မြန်မာနိုင်ငံ၏ မသင်မနေရ ပညာရေးစနစ်အရ အခမဲ့ ကျောင်းအပ်နှံနေသော မူလတန်း ကျောင်းသား ကျောင်းသူလေးများ။

အထက်ပါ အရည်အသွေးများကို ပိုင်ဆိုင်ထားပြီဆိုလျှင် လူသားတစ်ဦးစီတွင် –

(၁) လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် လက်ရှိအခြေအနေမှန်များနှင့် လျော်ညီစွာ ကြိုးပမ်းအားထုတ်နိုင်စွမ်းရှိစေခြင်း၊

(၂) အသိပညာနှင့် နားလည်သဘောပေါက်မှု စွမ်းရည်မြင့်မားစေခြင်း၊

(၃) စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းစေခြင်း၊

(၄) စူးစမ်းလေ့လာလိုစိတ်ပွားများခြင်း၊

(၅) ကိုယ်ကျင့်တရားခိုင်မာမှုကို တန်ဖိုးထားခြင်း၊

(၆) အမြင်ကျယ်ခြင်းနှင့် ရှေ့ရေးကို ကြိုတင်မြော်မြင်တတ်ခြင်း၊

(၇) အစပျိုး တီထွင်ဆောင်ရွက်တတ်ခြင်း – (Initiative Ability) ဥပမာ– ဒေသတွင်းရှိ အခြားသူများ လူမှုစီးပွားဆုတ်ယုတ်နေချိန်တွင် သမားရိုးကျလမ်းဟောင်းမှ ဖယ်ခွာ၍ သမ္မာအာဇီဝကျစွာ နည်းလမ်းသစ်များကို ရှာကြံ၍ စီးပွားရှာနိုင်ခြင်း၊

(၈) လိုအပ်လျှင် အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ဆောင်နိုင်စွမ်းရှိခြင်း၊

(၉) အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘုံရည်မှန်းချက်အတွက် ရပ်ရွာအကျိုး၊ အဖွဲ့အစည်းအကျိုးတို့ကို ဆောင်ရွက်နိုင်စွမ်းရှိခြင်းတို့ ဖြစ်ပါသည်။

**မသင်မနေရပညာရေးဆိုသည်**

မသင်မနေရ ပညာရေးဆိုသည်မှာ စာရေး၊ စာဖတ်သက်သက်နှင့် ပြဋ္ဌာန်းဖတ်စာအုပ်ပါ အကြောင်းအရာများလောက်သာ သိဖို့၊ တတ်ဖို့၊ သင်ဖို့ မဟုတ်ပါ။ ဖတ်စာအုပ်ပါ အကြောင်းအရာများကို တတ်မြောက်မှုနှင့်အပြိုင် တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်ပြီး လူသားတိုင်းတွင် ပိုင်ဆိုင်ရမည့် အနိမ့်ဆုံး ဉာဏ်ရည်ဉာဏ်သွေးများကို ပိုင်ဆိုင်သွားအောင် လေ့ကျင့်ခြင်းပင်ဖြစ်ပါသည်။ လေ့ကျင့်ချိန်ပိုရလေလေ အရည်အသွေး ပိုမိုခိုင်မာလေလေဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံလို စာမေးပွဲရလဒ်အတွက် **"၏" "သည်" "၍"** မလွဲ လောက်အောင်ကို ပြန်အန်ချရုံ သင်ပေးခြင်းသည် မသင်မနေရ ပညာရေး၏ ပန်းတိုင်မဟုတ်ကြောင်း အထူး သတိပြုသင့်ပါသည်။

ယနေ့အခါတွင် နိုင်ငံတကာပညာရေး၏ အမြင်နှင့် မျှော်မှန်းချက်တို့သည်လည်း ပြောင်းလဲလာခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတကာတွင် ဒုတိယကမ္ဘာစစ်အပြီးကာလ၏ ရည်မှန်းချက်မှာ နိုင်ငံပြန်လည်ထူထောင်နိုင်ရေးပင် ဖြစ်ပါသည်။ ထိုအချိန်တွင် နိုင်ငံတည်ထောင်ရန် အများဆုံး လိုအပ်မှုသည် ကာယစွမ်းအားစု ဖြစ်ပါသည်။ ယနေ့ခေတ်၏ ရည်မှန်းချက်မှာ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါသည်။

ဖွံ့ဖြိုးရန်အတွက် နည်းပညာ စွမ်းအားသို့မဟုတ် ဉာဏစွမ်းအားစုတို့ဖြင့် အကောင်အထည်ဖော်ရမည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံသားတစ်ယောက်၏ အနိမ့်ဆုံးရှိရမည့် ပညာအခြေခံသည် မြင့်မားလာခဲ့သလို ပညာရှင်ကြီး ရူးဆိုး ဖွင့်ဆိုခဲ့သည့် **"လူသား၏ ပင်ကိုအရည်အသွေးဖွံ့ဖြိုးမှု"** အဆင့် တစ်ခုဆီရောက်ရှိအောင် လေ့ကျင့်ပေးရမည့် ကာလသည်လည်း ခေတ်ကိုလိုက်ပြီး ပြောင်းလဲခဲ့ပါသည်။

**ကမ္ဘာ့နိုင်ငံအလိုက် မသင်မနေရပညာသင်နှစ်များ**

ယူနက်စကို၏ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသော Global Education Digest မှာ ဖော်ပြထားသည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ မသင်မနေရ အခြေခံပညာရေးနှင့် ပတ်သက်ပြီး သင်ကြားရန် လိုအပ်သည့် စုစုပေါင်း နှစ်အရေအတွက်ကို ကိုးကားဖော်ပြလိုက်ပါသည်။

**၁။ အနောက်ဥရောပနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အင်္ဂလန် | ၁၂ နှစ် |
| ၂။ | ပြင်သစ် | ၁၁ နှစ် |
| ၃။ | ဂျာမနီ | ၁၂ နှစ် |
| ၄။ | ဒိန်းမတ် | ၁၀ နှစ် |
| ၅။ | ဘယ်လ်ဂျီယံ | ၁၃ နှစ် |

စာမျက်နှာ ၁၇ သို့

**❑ မသင်မနေရပညာရေးဆိုသည်မှာ စာရေး၊ စာဖတ်သက်သက်နှင့် ပြဋ္ဌာန်းဖတ်စာအုပ်ပါ အကြောင်းအရာများလောက်သာသိဖို့၊ တတ်ဖို့၊ သင်ဖို့ မဟုတ်ပါ။ ဖတ်စာအုပ်ပါ အကြောင်းအရာများကို တတ်မြောက်မှုနှင့်အပြိုင် တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်ပြီး လူသားတိုင်းတွင် ပိုင်ဆိုင်ရမည့် အနိမ့်ဆုံး ဉာဏ်ရည်ဉာဏ်သွေးများကို ပိုင်ဆိုင်သွားအောင် လေ့ကျင့်ခြင်းပင်ဖြစ်ပါသည်။ လေ့ကျင့်ချိန်ပိုရလေလေ အရည်အသွေး ပိုမိုခိုင်မာလေလေဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံလို စာမေးပွဲရလဒ်အတွက် "၏" "သည်" "၍" မလွဲ လောက်အောင်ကို ပြန်အန်ချရုံ သင်ပေးခြင်းသည် မသင်မနေရ ပညာရေး၏ ပန်းတိုင်မဟုတ်ကြောင်း အထူး သတိပြုသင့်ပါသည်**

# ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်ကျင်းပမည်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် **“ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက် အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်”**ကို ၂၅-၁၁-၂၀၂၂ ရက်နေ့မှ ၂၇-၁၁-၂၀၂၂ ရက်နေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ရှားပါးစာအုပ်ပြပွဲတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ စုဆောင်းထားရှိသော ရှားပါးစာအုပ်များအနက်မှ လွန်ခဲ့သောနှစ် ၂၀၀ ကျော်ခန့် ၁၇၇၆ ခုနှစ်မှ ၁၈၉၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာစာအုပ်များ၊ ဗြိတိသျှခေတ် အုပ်ချုပ်ရေးဆိုင်ရာစာအုပ်များ၊ ဥပဒေဆိုင်ရာစာအုပ်များ၊ သုတေသနဂျာနယ်၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ ပညာရေးအစီရင်ခံစာ၊ လူဦးရေစာရင်းအစီရင်ခံစာ၊ ဒေသန္တရနှင့် ခရီးသွားမှတ်တမ်းစာအုပ်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာစာအုပ်များ၊ ဘာသာစကားဆိုင်ရာစာအုပ်များ၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာစာအုပ်များ၊ ဘုရားသမိုင်းဆိုင်ရာစာအုပ်များ၊ စီးပွားရေးနှင့် ပထဝီဝင်ဆိုင်ရာပညာရပ်များ ပါဝင်သည့် ရှားပါးစာအုပ်များကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့အပြင် ကလေးစာကြည့်တိုက်အစီအစဉ်များတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)မှ စာကြည့်တိုက်မှူးများက ကလေးများအတွက် ပုံပြောအစီအစဉ်၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်၊ လက်မှုပညာ အစီအစဉ်၊ ပုံပြင်ဖန်တီးခြင်းအစီအစဉ် စသည့် ကလေးစာကြည့်တိုက်လှုပ်ရှားမှု အစီအစဉ်တို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အတူ အမှတ်တရဈေးရောင်းပွဲတော်တွင်လည်း စာအုပ်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ အစားအသောက်ဆိုင်များ ပါဝင်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ပါဝင် ဆင်နွှဲနိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ကျိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းထားပြီးဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်တွင်လည်း မက်မန်းမြို့နယ် ဥတ္တရာရုံကျောင်းတိုက်သို့ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ထပ်မံလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

| | | |
|---|---|---|
| ၆။ | ဖင်လန် | ၁၀ နှစ် |
| ၇။ | ဂရိ | ၁၀ နှစ် |
| ၈။ | နယ်သာလန် | ၁၃ နှစ် |
| ၉။ | နော်ဝေ | ၁၁ နှစ် |
| ၁၀။ | စပိန် | ၁၁ နှစ် |
| ၁၁။ | ဆွစ်ဇာလန် | ၉ နှစ် |
| ၁၂။ | ဆွီဒင် | ၁၀ နှစ် |

**၂။ အာရပ်နှင့် အနီးတစ်ဝိုက်နိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အီဂျစ် | ၉ နှစ် |
| ၂။ | အီရတ် | ၆ နှစ် |
| ၃။ | ဂျော်ဒန် | ၁၀ နှစ် |
| ၄။ | ကူဝိတ် | ၉ နှစ် |
| ၅။ | လစ်ဗျား | ၉ နှစ် |
| ၆။ | ဆော်ဒီအာရေဗီးယား | ၆ နှစ် |
| ၇။ | လက်ဘနွန် | ၉ နှစ် |
| ၈။ | ဆီးရီးယား | ၉ နှစ် |
| ၉။ | တူနီးရှား | ၉ နှစ် |
| ၁၀။ | အီရန် | ၈ နှစ် |
| ၁၁။ | အစ္စရေး | ၁၁ နှစ် |

**၃။ အလယ်နှင့် အရှေ့ဥရောပနိုင်ငံများ**

| စဉ် | နိုင်ငံများ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အယ်ဘေးနီးယား | ၉ နှစ် |
| ၂။ | ဘူဂေးရီးယား | ၈ နှစ် |
| ၃။ | ချက်သမ္မတနိုင်ငံ | ၁၀ နှစ် |
| ၄။ | ဆလိုဗက်ကီးယား | ၉ နှစ် |
| ၅။ | တူကီယဲ | ၈ နှစ် |
| ၆။ | ယူကရိန်း | ၁၁ နှစ် |
| ၇။ | ခရိုအေးရှား | ၈ နှစ် |
| ၈။ | ဟန်ဂေရီ | ၁၀ နှစ် |
| ၉။ | ပိုလန် | ၉ နှစ် |
| ၁၀။ | ရုရှား | ၁၀ နှစ် |
| ၁၁။ | ရိုမေးနီးယား | ၁၀ နှစ် |

**၄။ အလယ်ပိုင်းအာရှနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ဂျော်ဂျီယာ | ၉ နှစ် |
| ၂။ | အာမေးနီးယား | ၉ နှစ် |
| ၃။ | မွန်ဂိုလီးယား | ၉ နှစ် |
| ၄။ | အဇာဘိုင်ဂျန် | ၁၁ နှစ် |
| ၅။ | ဥဇဘက်ကစ္စတန် | ၁၂ နှစ် |

**၅။ မြောက်အမေရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ကနေဒါ | ၁၁ နှစ် |
| ၂။ | အမေရိကန်ပြည်ထောင်စု | ၁၂ နှစ် |

**၆။ အာရှနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | အိန္ဒိယ | ၉ နှစ် |
| ၂။ | ပါကစ္စတန် | ၅ နှစ် |
| ၃။ | သီရိလင်္ကာ | ၉ နှစ် |
| ၄။ | တရုတ် | ၉ နှစ် |
| ၅။ | အင်ဒိုနီးရှား | ၉ နှစ် |
| ၆။ | ဂျပန် | ၉ နှစ် |
| ၇။ | ထိုင်း | ၉ နှစ် |
| ၈။ | တောင်ကိုရီးယား | ၉ နှစ် |
| ၉။ | ဖိလစ်ပိုင် | ၆ နှစ် |
| ၁၀။ | မလေးရှား | ၆ နှစ် |
| ၁၁။ | ဘရူနိုင်း | ၉ နှစ် |
| ၁၂။ | စင်ကာပူ | ၆ နှစ် |
| ၁၃။ | ဗီယက်နမ် | ၉ နှစ် |
| ၁၄။ | ဟောင်ကောင် | ၉ နှစ် |
| ၁၅။ | မြန်မာ | ၅ နှစ် |
| ၁၆။ | လာအို | ၅ နှစ် |
| ၁၇။ | ဘင်္ဂလားဒေ့ရှ် | ၅ နှစ် |

**၇။ ပစိဖိတ်ဒေသတွင်းနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ဩစတြေးလျ | ၁၁ နှစ် |
| ၂။ | နယူးဇီလန် | ၁၂ နှစ် |
| ၃။ | ဖီဂျီ | ၁၀ နှစ် |

**၈။ လက်တင်အမေရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | မက္ကဆီကို | ၁၁ နှစ် |
| ၂။ | ဘရာဇီး | ၉ နှစ် |
| ၃။ | ပါရာဂွေးလ် | ၉ နှစ် |
| ၄။ | ကျူးဘား | ၉ နှစ် |
| ၅။ | ပီရူး | ၁၂ နှစ် |
| ၆။ | ပနားမား | ၉ နှစ် |
| ၇။ | အာဂျင်တီးနား | ၁၃ နှစ် |
| ၈။ | ချီလီ | ၁၂ နှစ် |
| ၉။ | ဥရုဂွေး | ၆ နှစ် |
| ၁၀။ | ဘိုလီးဗီးယား | ၈ နှစ် |

**၉။ အာဖရိကနိုင်ငံများ**

| စဉ် | နိုင်ငံ | စုစုပေါင်းကာလ (နှစ်) |
|---|---|---|
| ၁။ | ကင်မရွန်း | ၆ နှစ် |
| ၂။ | ကွန်ဂို | ၁၀ နှစ် |
| ၃။ | မာလီ | ၉ နှစ် |
| ၄။ | ကင်ညာ | ၈ နှစ် |
| ၅။ | တောင်အာဖရိက | ၉ နှစ် |
| ၆။ | ယူဂန္ဒာ | ၇ နှစ် |
| ၇။ | ဇင်ဘာဘွေ | ၇ နှစ် |
| ၈။ | ဂါနာ | ၁၁ နှစ် |
| ၉။ | မာလာဝီ | ၈ နှစ် |
| ၁၀။ | မိုဇမ်ဘစ် | ၇ နှစ် |

အထက်ပါ ဇယားကိုးခုတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မသင်မနေရ ပညာရေးအဆင့်ကို မြောက်အမေရိက၊ အနောက်ဥရောပနိုင်ငံများတွင် အနည်းဆုံး ၁၀ နှစ်ကြာ (တချို့နိုင်ငံ ၁၃ နှစ်) သင်ယူရပါသည်။ အရှေ့ဥရောပနိုင်ငံများတွင် ပျမ်းမျှ ကိုးနှစ်ကြာ သင်ကြားပေးနေပါသည်။ အာဖရိကနိုင်ငံများတွင် ပျမ်းမျှရှစ်နှစ် အချိန်ယူရပါသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်နိုင်ငံများတွင် ပါကစ္စတန်၊ လာအို၊ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံတို့တွင်သာ ငါးနှစ် ဖြစ်ပါသည်။ အိမ်နီးနားချင်းအားလုံးလိုလို မသင်မနေရ ပညာရေးကို ကိုးနှစ်ကြာ သင်ကြားပေးနေကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မသင်မနေရ မူလတန်းအဆင့် သင်တန်းကာလသည် လက်ရှိအခြေအနေတွင် ငါးနှစ်သာ ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးချင်းစီတွင် ရှိရမည့် အနိမ့်ဆုံးအခြေခံပညာအရည်အချင်းများ မခိုင်မာလျှင် ဘင်္ဂလားဒေ့ရှ်နှင့် လာအိုတို့ကဲ့သို့ ဖွံ့ဖြိုးမှုနှုန်းနှေးသည့်စာရင်းတွင် ပါဝင်နေပေလိမ့်မည်။

**မသင်မနေရပညာရေး အုတ်မြစ်ခိုင်မာရမည်**

ပညာရေးစီမံခန့်ခွဲမှု ကောင်းခြင်းနှင့်အတူ ပညာရေးအဆောက်အအုံ၏ **“မသင်မနေရ ပညာရေး”** ဆိုသည့် အုတ်မြစ်လည်း ခိုင်မာရပါမည်။ မြင့်နေရပါမည်။ မြင့်မားနေရန်အတွက် လုံလောက်သော ပညာသင်ကြားရေးကာလနှင့် အဆင့်လိုအပ်ပါသည်။ မြောက်အမေရိက၊ အနောက်ဥရောပ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့ ဖွံ့ဖြိုးခြင်း၊ တိုးတက်ခြင်းမှာ သူတို့နိုင်ငံသားတိုင်းသည် တောင့်တင်းခိုင်မာသည့် အခြေခံပညာရေးကို မသင်မနေရ သင်ယူခဲ့ကြ၍ ဖြစ်ပါသည်။

လက်ရှိ ကျွန်တော်တို့၏ မသင်မနေရ ပညာရေးကာလငါးနှစ်သည် ပတ်ဝန်းကျင် နိုင်ငံများ၏ သင်ကြားရေးလေ့ကျင့်ချိန်၏ တစ်ဝက်သာသာပင် ရှိပြီး မူလတန်းအဆင့်တွင်လည်း ရှိပါသေးသည်။ သူများက မူလတန်းထက်မြင့်သော အလယ်တန်းအဆင့်ဖြစ်ပါသည်။ ကျွန်တော်တို့က နှုန်းနှစ်ဆ မြန်လျှင်တောင် သူတို့နှင့်အဆင့်တူလောက်သာရှိပါသေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းတစ်ခုတွင် “မိမိတို့အစိုးရအနေဖြင့် KG+9 အခြေခံပညာအလယ်တန်းအထိ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေးနှင့် အောင်မြင်စေရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း” ကြားသိရ၍ အထူးပင် ဝမ်းသာမိပါသည်။ ပုံမှန်အတိုင်း မြန်မာ့ပညာရေး သွားနေခဲ့လျှင် သူများနောက်မှာ အမြဲတစ်ဝက်ကျန်နေမှာကိုသိ၍ ထိုသို့မဖြစ်စေရန်အတွက် ကြိုးပမ်းမှုဟု မြင်မိပါသည်။

**အချိန်မတန် ကျောင်းထွက်နေသည့် ပညာရေးအဟောသိကံဖြစ်မှု**

ထို့အပြင် အနိမ့်ဆုံး အိမ်နီးနားချင်းအပါအဝင် အာရှနိုင်ငံများနှင့် တန်းတူအဆင့်တွင် ကျွန်တော်တို့ ပညာရေးရပ်တည်နိုင်အောင်လို့လည်း ဖြစ်ပါလိမ့်မည်။ မသင်မနေရကာလမြင့်မားအောင် ကြိုးပမ်းနေဆဲတွင် ၂၀၁၆ ခုနှစ် Global Education Digest ၌ မြန်မာနိုင်ငံသည် ကျောင်းထွက်မှု အများဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေသည့် အချက်ကိုလည်း လျစ်လျူရှု၍ မရပေ။ ထိုနှုန်းကျသွားအောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အချိန်မတန် ကျောင်းထွက်နေသည့် ပညာရေးအဟောသိကံဖြစ်မှု အပေါက်ကြီး (Dropout Rate) ကို အားလုံး (အစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် တာဝန်သိပြည်သူများ) ဝိုင်းဝန်းပြီး ပိတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

မသင်မနေရ KG+9 အခြေခံပညာ အလယ်တန်းအဆင့်ကို မဖြစ်မနေ အောင်မြင်စေရန်အတွက် မြန်မာ့မြေပေါ်တွင် တစ်ချိန်က “အသုံးလုံး၊ စာတတ်မြောက်ရေးလုပ်ငန်း” မှာ အောင်မြင်စွာ ကျင့်သုံးခဲ့ပြီး ယနေ့တိုင် ယူနီဆက်ဖ်(UNICEF) ၏ တစ်နှစ်အောက် ကမ္ဘာ့ကလေးငယ်များ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းမှာ သုံးစွဲနေဆဲဖြစ်သော “မြန်မာ့ပညာရေး ကဝိဆရာကြီး ဦးသံဗျင် စတင်အသုံးပြုခဲ့သည့် **“လူထုပါဝင်လှုပ်ရှားမှုနည်း”** ဖြင့် အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။


ကျမ်းကိုး

(၁) ၁၉၄၆ ခုနှစ် ပညာရေးစနစ်စုံစမ်းရေးကော်မတီ၏အစီရင်ခံစာ

(၂) UNESCO (2015) Global Education Digest

(၃) UNESCO (2016) Global Education Digest

## ပွဲကြိုသုံးသပ်ချက်

နိုဝင်ဘာ ၂၃ ရက်မှာ ကမ္ဘာ့ဖလားပွဲစဉ် (၁) မှ ပွဲစဉ်လေးပွဲကို ယှဉ်ပြိုင်ကစားသွားမှာပါ။ အဲဒီပွဲစဉ်တွေထဲမှာ နာမည်ကြီး ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံနဲ့ ခရိုအေးရှားအသင်းတို့ ပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၁) | |
|---|---|
| ၂၃-၁၁-၂၀၂၂ | ဗုဒ္ဓဟူးနေ့ |
| မော်ရိုကို - ခရိုအေးရှား | ည ၄း၃၀ |
| ဂျာမနီ - ဂျပန် | ည ၇း၃၀ |
| စပိန် - ကော့စတာရီကာ | ည ၁၀း၃၀ |
| ဘယ်လ်ဂျီယံ - ကနေဒါ | နံနက် ၁း၃၀ |

# ဂျာမနီ၊ စပိန်၊ ဘယ်လ်ဂျီယံအသင်းပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်

လင်းလက်ကြယ်

## မော်ရိုကိုနဲ့ ခရိုအေးရှားအသင်းအခြေအနေ

ဇီယက် (၂၉ နှစ်)



မော်ရိုကို (တောင်ပံတိုက်စစ်)

၄၃ ပွဲကစား၊ ၁၈ ဂိုးသွင်း

မိုဒရစ် (၃၇ နှစ်)



ခရိုအေးရှား (ကွင်းလယ်)

၁၅၅ ပွဲကစား၊ ၂၃ ဂိုးသွင်း

ခရိုအေးရှားအသင်းက ၂၀၁၈ ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်တဲ့အသင်းဖြစ်သလို ကစားသမားစုဖွဲ့မှုပိုင်းမှာ မော်ရိုကိုအသင်းထက် သာလွန်နေတာ တွေ့ရတယ်။

မော်ရိုကိုအသင်းမှာ ဘွန်နူ၊ ဟာကီမီ၊ ဇီယက်၊ နက်စ်ရီ၊ ဇာရိုရီစတဲ့ ကစားသမားကောင်းတွေရှိပြီး ခရိုအေးရှားအသင်းမှာ မိုဒရစ်၊ ပါရီဆစ်၊ ကိုဗာဆစ်၊ ပါဆာလစ်၊ ဗလာဆစ်စတဲ့ ကစားကောင်းတွေရှိတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ သို့သော်လည်း အတွေ့အကြုံရင့်တဲ့ ကစားသမားတွေပါဝင်နေတဲ့ ခရိုအေးရှားအသင်း အသာရဖွယ်ရှိတယ်။

## ဂျာမနီနဲ့ ဂျပန်အသင်းအခြေအနေ

မူလာ (၃၃ နှစ်)



ဂျာမနီ (ကွင်းလယ်တိုက်စစ်)

၁၁၈ ပွဲကစား၊ ၄၄ ဂိုးသွင်း

မီနာမီနို (၂၇ နှစ်)



ဂျပန် (ကွင်းလယ်တိုက်စစ်)

၄၄ ပွဲကစား၊ ၁၇ ဂိုးသွင်း

ဂျာမနီနဲ့ ဂျပန်အသင်းက အုပ်စု (င) မှာ ကော်စတာရီကာ၊ စပိန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရရှိဖို့ ခြေကုန်ထုတ်လာမှာပါ။

ဂျာမနီအသင်းက ကမ္ဘာ့ဖလားကို လေးကြိမ်ဆွတ်ခူးထားပေမယ့် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်တွေမှာ ရလဒ်မကောင်းတာ တွေ့ရတယ်။ နှစ်သင်းစလုံး ကစားသမားအစုံအလင်နဲ့ ရလဒ်ကောင်းရရှိရေး အသေအချာပြင်ဆင်လာမှာဖြစ်ပေမယ့် ဂျပန်အသင်းအနေနဲ့ ဂျာမနီအသင်းကို အမြင့်ဆုံးသရေသာရမယ်။

## စပိန်နဲ့ ကော့စတာရီကာအသင်းအခြေအနေ

မိုရာတာ (၃၀ နှစ်)



စပိန် (တိုက်စစ်)

၅၇ ပွဲကစား၊ ၂၇ ဂိုးသွင်း

နာဗက်စ် (၃၅ နှစ်)



ကော့စတာရီကာ (ဂိုးသမား)

၁၀၇ ပွဲကစား

အုပ်စုတွင်းရပ်တည်မှုနဲ့ နှစ်သင်းကြား တွေ့ဆုံမှုအရ ကော့စတာရီကာအသင်းနေနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံစပိန်အသင်းကို အနိုင်ရဖို့ ခက်ပါလိမ့်မယ်။

ဂိုးသမားနာဗက်စ် ဦးဆောင်လာမယ့် ကော့စတာရီကာအသင်းက ခြေစွမ်းကျစ်လျစ်မှုရှိပေမယ့် ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ချိတ်ဆက်ကစားပုံ အားနည်းခဲ့ရင် မာမာထန်ထန်ကစားတတ်တဲ့ စပိန်အသင်းရဲ့ ကစားဟန်အောက်မှာ ပုံစံပျက်သွားနိုင်ပြီး နိုင်ပွဲနဲ့ ဝေးကွာသွားနိုင်တယ်။

## ဘယ်လ်ဂျီယံနဲ့ ကနေဒါအသင်းအခြေအနေ

ဟာဇက် (၃၁ နှစ်)



ဘယ်လ်ဂျီယံ(တောင်ပံတိုက်စစ်)

၁၂၃ ပွဲကစား၊ ၃၃ ဂိုးသွင်း

လာရင် (၂၇ နှစ်)



ကနေဒါ (တိုက်စစ်)

၅၅ ပွဲကစား၊ ၂၅ ဂိုးသွင်း

ဘယ်လ်ဂျီယံအသင်းက အုပ်စု (စ) မှာ နောက်တစ်ဆင့်တက်ရောက်ဖို့ အနီးစပ်ဆုံးရှိနေတယ်ဆိုပေမယ့် နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးရှုံးနိမ့်ထားတယ်။

ဘယ်လ်ဂျီယံမှာ ဒဏ်ရာကြောင့် အဓိက တိုက်စစ်ကစားသမား လူကာကူ ပါဝင်လာနိုင်ဖို့ မသေချာပေမယ့် ဒီဘရိုင်း၊ ကက်စ်တိဂ်၊ ဘတ်ရှူအာရီ၊ ဟာဇက်စတဲ့ ကစားသမားစုဖွဲ့မှုအားနဲ့ ကနေဒါအသင်းကို အနိုင်ရရှိဖို့ ကြိုးစားလာမှာပါ။ ကနေဒါအသင်း အမြင့်ဆုံး သရေသာရမယ်။

| ကမ္ဘာ့ဖလား အုပ်စု (က) ပွဲစဉ် (၁) အပြီး ရပ်တည်မှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
| ၁။ | နယ်သာလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ | အီကွေဒေါ | ၁ | ၁ | ၀ | ၀ | ၃ |
| ၃။ | ဆီနီဂေါ | ၁ | ၀ | ၀ | ၁ | ၀ |
| ၄။ | ကာတာ | ၁ | ၀ | ၀ | ၁ | ၀ |

| ကမ္ဘာ့ဖလား အုပ်စု (ခ) ပွဲစဉ် (၁) အပြီး ရပ်တည်မှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
| ၁။ | အင်္ဂလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ | ဝေးလ် | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ | အမေရိကန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ | အီရန် | ၁ | ၀ | ၀ | ၁ | ၀ |



## ဘေးလ်၏ ပယ်နယ်တီဂိုးကြောင့် အမေရိကန်ကို သရေကျခဲ့သည့် ဝေးလ်

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ် (၁) မှ အမေရိကန်နှင့် ဝေးလ်အသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ ပွဲစဉ်၌ အမေရိကန်အသင်းက ပွဲချိန် ၃၆ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ပယ်နယ်တီ ခွင့်ပြုပေးခဲ့ရပြီး ဘေးလ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် သရေကျခဲ့ခြင်းဖြစ်သည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန်ထိုးဖောက်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

ယခုပွဲ သရေကျခဲ့သောကြောင့် ပွဲစဉ် (၁) အပြီးတွင် ဝေးလ်နှင့် အမေရိကန်အသင်းက တစ်မှတ်စီရရှိထားပြီး အင်္ဂလန်အသင်းက သုံးမှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

## ကမ္ဘာ့ဖလား၌ ကပြအောင်ပွဲခံရန် အကြောင်းရင်း ရှိလာလိမ့်မည်ဟု ရာဇင်ဟာ မျှော်လင့်

သွင်းဂိုးများရယူပြီးနောက် အောင်ပွဲခံကပြနိုင်ရန် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားသည့်အတွက် ဘရာဇီးအသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကပြအောင်ပွဲခံနိုင်ရန် အကြောင်းရင်း ရှိလာလိမ့်မည်ဟု ရာဖင်ဟာက မျှော်လင့်နေသည်။ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု (ဆ) ၌ အဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် ၂၀၀၂ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားဆွတ်ခူး ရည်မှန်းထားနေသည့်အသင်းဖြစ်သည့်အလျောက် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးရန် ထင်ကြေးပေးခံနေရသည့်အသင်း ဖြစ်သည်။

○ *ကျော်ဖုံးမှ*

တိုက်စစ်အဆုံးသတ်အားနည်းမှုကြောင့် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ အာဂျင်တီးနားအသင်းသည် ယခုပွဲရှုံးနိမ့်မှုကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးအတွက် လက်ကျန် မက္ကဆီကို၊ ပိုလန် အသင်းတို့နှင့် ပွဲစဉ်တွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးစားရတော့မည် ဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ဆော်ဒီအာရေဗျအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု အကြိမ်ကြိမ်၊ ဂိုးကန်သွင်းမှု အခါခါ ပြုလုပ်နိုင်ခဲ့သော်လည်း ပြိုင်ဘက်ခံစစ်၏ တုံ့ပြန်ကစားပုံကောင်းမွန်မှု၊ ဂိုးသမား အိုဝှစ်၏ လက်စွမ်းပြကာကွယ်ထားနိုင်မှုတို့ကြောင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု အနည်းငယ်သာ ပြုလုပ်ထားနိုင်သည်ကို တွေ့ရသည်။

ဦးဆောင်ဂိုးကို အာဂျင်တီးနားအသင်းက ပွဲချိန် ၁၀ မိနစ်တွင် ရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် မက်ဆီက သွင်းယူပေးနိုင်ခဲ့သည်။ ဆော်ဒီအာရေဗျအသင်းအတွက် ဂိုးများကို ပွဲချိန် ၄၉ မိနစ်တွင် အယ်ရှာရီနှင့် ၅၃ မိနစ် အယ်ဒါဝါဆာရီတို့က သွင်းယူပေးခဲ့သည်။

အုပ်စု(ဃ) ပွဲစဉ် (၁) မှ ဒိန်းမတ်နှင့် တူနီးရှားတို့ပွဲကို နိုဝင်ဘာ ၂၂ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

အောင်ဇော်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၂၀** '၂၀၂၁ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်'
**၁၁:၃၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** 2022 World Cup Highlight(3)
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၃၃)
**၁၃:၀၅** သီချင်းကြီးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၃၅+၃၆)
**၁၅:၃၀** "ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ"
**၁၆:၃၅** "အသိပညာနှင့်အမှန်တရား"
**၁၇:၃၀** "ရွှေခေတ်ရောက်ခဲ့သည့် ပြေးခုန်ပစ်အားကစားသမား"
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "ဥဂ္ဂါသေနဇာတ်တော်"(ဒုတိယပိုင်း)
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၄၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** 2022 World Cup Highlight(3)
**၂၁:၀၅** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ)၊(ဝါသနာရှင်(ပထမတန်း)အဆင့်)(ပထမဆု)'ရာမယဏဇာတ်တော်ကြီး'(မင်းရာမဇာတ်တော်ကြီးအဖွဲ့)(မန္တလေးတိုင်းဒေသကြီး)

**mitv**

**07:01** Evergreen Classic; Hsu Myat Khay Mar (Tekkatho Lei Lei)
**07:09** Listening Pleasure, Instrumental Music (Mandolin) Daydreing
**07:20** Introductory Progrme of Literary Award Winners; U Zaw Htay (Culture)
**07:37** Discovering Tribes; Pre Kayaw (Their Life and Customs) (Part-1)
**08:01** News
**08:27** Asia Updates; Princess of the beavers (P-3)
**08:53** Chef Life; Cho Wut Ye
**09:01** Tapestry - A Unique Combination Of Painting and Craftsmanship
**09:19** Tigers, Lions and the Guardians
**09:30** The Largest Nunnery In Myanmar
**10:01** News
**10:26** Topical Topics
**10:32** Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
**11:01** Mon Traditional Dishes

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ဒီဂိုင်နာ ဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကြက်သားနှင့် ပိန်နဲသီးချက်နည်း

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကျကျေးရွာ(အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မုပ္ပွန်အိုးလုပ်ငန်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကြက်သားသုပ်နှင့် သင်္ဘောဥဟင်းရည်

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင် "ပျား"

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုငိုးအီရိုး(ခေါ်)တေး

**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဒူးရင်းသီး

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၂၀** ၂၀၂၁ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၂:၁၅** "ကာတာကမ္ဘာ့ဖလား"(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၄၅** "ကာတာကမ္ဘာ့ဖလား"(ပွဲကြိုသုံးသပ်ချက်)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၄)
**၁၁:၀၀** PR SYSTEM စကားဝိုင်း
**၁၁:၃၀** "အတွေးအမြင်" အပိုင်း(၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၇:၀၀** 'စိုက်ပျိုးရေးကိုအခြေတည်... တန်ဖိုးရှိတဲ့ထုတ်ကုန်ဆီ'
**၀၇:၁၅** ဘိုရှန်ဓာတ်မြေဩဇာထည့်သွင်း မြေပဲသီးနှံအထွက်တိုးခြင်း
**၀၇:၄၀** 'ကဏန်းသယံဇာတများထွက်ရှိရာ... ကဏန်းကမ္ဘာ'
**၀၈:၂၀** 'ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလုပ်'
**၀၈:၅၀** 'တောင်သူအကျိုးမြင့်ဖို့ရာ...ရိတ်သိမ်းလွန်နည်းပညာ'

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၊ ဘောလုံးဗိုလ်လုပွဲနှင့် ပိတ်ပွဲအခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က"အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel ၊ MWD HD Channel ၊ MWD Variety HD Channel၊ MWD Education, knowledge & Sports HD Channel နှင့် Skynet Sport 4 Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပေသောင်ရွာလူသတ်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၁၁ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၅၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၅၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၄၅ ကျပ် | ၂၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၀ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၅၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၁၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၈ . ၅၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၄ . ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၂၄၇၁ | ၂၂၃၆၈၆၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၂၄၅၁ | ၈၇၀၉၇၀၈၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁၁ | ၈၄၇၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၇၈ | ၈၇၂၂၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တနိုင်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုကိုနှင့် ဝန်ထမ်းများက တနိုင်းမြို့ ဇေယျာသိရီပရိယတ္တိ စာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော် စုစုပေါင်း အပါး ၃၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ တို့ကို နိုဝင်ဘာ ၂၂ ရက်က ဆက်ကပ်လှူဒါန်းစဉ်။

မနောမြေ(တနိုင်း)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသခံပြည်သူ ၁၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၆)မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၈၆၀ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ ဒေသခံပြည်သူ ၂၄၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၄၄)မြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများ ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့၌ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေပြီး သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေး ဝဲယာ တစ်လျှောက်ရှိ ကတ်တုံးများနှင့် ပလက်ဖောင်းများ ဆေးသုတ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနက ဆောင်ရွက်နေစဉ်။

နေမျိုးသူရိန်

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီ၊ အကွက်အမှတ်နှင့်အမည်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၁.၀၀)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန်အမှုတွဲအမှတ်(၂၆၀/၂၀၁၉-၂၀၂၀)အရ ဦးစိုးနိုင်မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးစိုးနိုင်၏ အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမိုးအောင်ထံမှ ဦးအောင်မိုးက အထက်ပါမြေထဲမှ ဦးပိုင်အမှတ်(၁၄/၃)၊ မြေဧရိယာ(၀.၁၄)ဧကအား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ဖြင့် ဦးပိုင်ခွဲ ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### အများသိစေရန်အသိပေးကြေညာခြင်း

**Myanmar Golden Byter Co.,Ltd.** မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး ထုတ်ကုန်များကို **Myanmar Byter Agro Tech Co.,Ltd.** သို့ ဖြန့်ဖြူးသူ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင် အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

| No | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | Byter Spore | Beauveria Bassiana 15 billion spore/gm SC | P2021-4625 |
| 2 | Byter Rainger 50 EC | Difenoconazole 25% +Propiconazole 25% EC | P2020-3698 |
| 3 | Byter Bando | Chlorfenapyr 7.5% + Indoxacarb 2.5% SC | P2021-4699 |

Myanmar Byter Agro Tech Co.,Ltd.
No.125-127, Kha 11st , Myoe Thit (A+B) Quarter, Inn Sein Township, Yangon.

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌဏမဟီရပ်ကွက်၊ ၃၁x၃၂ လမ်း၊ ၇၇ လမ်းထောင့်ရှိ အမျိုးအစား အာရ်စီတံခွန်ပလာဇာ၊ အထပ်(၄)ထပ်ခွဲ၊ အခန်းအမှတ်( A-15/G) အကျယ်အဝန်း (၂၂x၅၀)ပေ တိုက်ခန်းနှင့်တကွ တိုက်ခန်းအတွင်း သွယ်တန်းတပ်ဆင်ထားသည့် ရေ+မီး အစုံအလင် အပါအဝင် တိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်လွင်လွင်မျိုး(ဘ)ဦးအောင်ကျော်စိုး ၁၂/စခန(နိုင်)၀၆၁၀၉၄၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေစရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးဇော်ဦး (LL.B,D.B.L) (စဉ်-၉၅၉၅)
ဒေါ်မေဇင်စုမွန် (LL.B,D.B.L) (စဉ်-၉၅၉၃)

တရားလွှတ်တော်ရှေ့နေများ
၀၉-၄၀၂၇၀၄၃၂၉၊ ၀၉-၂၀၀၃၉၂၄

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် မြန်မာငွေအတုအစစ်ခွဲခြား ရေတွက်စက်များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၂၂ရက်မှ ၅-၁၂-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်** - ၇-၁၂-၂၀၂၂ ရက်နေ့၊ ညနေ(၄:၀၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၉-၁၂-၂၀၂၂ ရက်၊ နံနက်(၁၀:၀၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ဇမ္ဗူသီရိခန်းမ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၇ဧကရှိ ဦးဇော်ဝင်းအောင် ၇/ဝမန(နိုင်)၀၀၀၇၅၁(ဘ)ဦးခင်အောင်ဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၈၆၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၉/၂၀၁၆(၁၃-၁-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ ဒေါ်နွေသက်ပိုင်စိုး ၇/တငန(နိုင်)၁၂၆၅၉၉(ဘ)ဦးစိုးမြင့်မှ ဒေါ်မေသော်ထက် ၁၂/ဥကတ(နိုင်)၁၆၉၁၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့။ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိဦးမြင့်သိန်း ၁၂/တမန(နိုင်)၀၄၆၃၈၁ (ဘ) ဦးလှသိန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၄၂၀၅) ကိုနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၀၈/၂၀၂၂ (၁၇-၁၀-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းစိန်ခမ်းမော် ၁၃/နခတ(နိုင်)၀၄၉၈၀၉ (ဘ)ဦးဝါလိန်မှ ဦးဝင်းဟန် ၈/မလန(နိုင်)၀၀၇၃၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့။ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးလှိုင်ဦး ၁၂/ရကန(နိုင်)၀၃၈၉၄၈ (ဘ)ဦးစံဝင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၄၁၆) ကိုနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၃၆/၂၀၂၁ (၄-၆-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းစိန်ခမ်းမော် ၁၃/နခတ(နိုင်)၀၄၉၈၀၉ (ဘ)ဦးဝါလိန် မှ ဦးဝင်းဟန် ၈/မလန(နိုင်)၀၀၇၃၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သန်းစိုး ၁၁/ပတန(နိုင်)၁၀၈၆၃၃၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းချေ ၁၁/ပတန(နိုင်)၁၁၅၉၁၅၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်သီတာထွန်း ၁၂/လမန(နိုင်)၀၁၇၁၉၅ (ဘ) ဦးထွန်းရွှေအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၆၅၁) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၃၉/၂၀၂၀ (၁၇-၁၂-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်စွာမြင့် ၉/ပမန(နိုင်)၀၀၁၈၅၂ (ဘ) ဦးစိုးမြင့်မှ ဒေါ်ဇာဇာအောင် ၆/ဘပန(နိုင်)၀၂၃၀၅၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ဇဝနဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိဦးမြင့်လွင် ၉/ပမန(နိုင်)၁၁၈၁၁၅ (ဘ) ဦးပေသီးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၆၉၀) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၆၈/၂၀၁၉ (၂၅-၂-၂၀၁၉) ဖြင့်မြေကွက် အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဦးဝင်းဗိုလ် ၉/ရမသ(နိုင်)၀၄၀၄၇၂ (ဘ) ဦးထွန်းရွှေမှ ဒေါ်နန်းစိန်ခမ်းမော် ၁၃/နခတ(နိုင်)၀၄၉၈၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ဇဝနဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိဒေါ်သိန်းသိန်းယဉ် ၁၂/စခန(နိုင်)၀၂၂၄၀၆ (ဘ) ဦးမဲမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၄၈၈) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၅၇/၂၀၁၉ (၁၀-၆-၂၀၁၉) ဖြင့်မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဦးဝင်းဟန် ၈/မလန(နိုင်)၀၀၇၃၈၁(ဘ) ဦးညိမ်းမောင်မှ ဒေါ်နန်းစိန်ခမ်းမော် ၁၃/နခတ(နိုင်)၀၄၉၈၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/4239 Nissan Civilion MGW 40 Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၅/မရန(နိုင်)၁၅၃၆၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သန်းသန်းစိုး၏ သားဖြစ်သူ မောင်မင်းသူခန့် ၉/မထလ(နိုင်)၃၆၂၈၄၀ သည်မိဘများ၏ ဆိုဆုံးမမှုကိုမနာခံ၍ ယနေ့မှစ၍ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝ တို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သန်းသန်းစိုး**
**၉/မထလ(နိုင်)၀၂၀၃၀၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ မထီဆန်ဝမ် နန်ဆားရ် ၁/နမန(နိုင်) ၀၀၅၆၇၄၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၈၆၃၅၁၃**

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လိုက်မြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၁

၁။ ဦးချိုချို　　　**နှင့်**　　　၁။ ဦးပြုံးရင်
၂။ ဦးခင်မောင်သန်း　　　　　၂။ ဦးကိုကို
　　　　　　　　　　　　　၃။ ဦးတင်ထွန်း

**(တရားလိုများ)**　　　　　**(တရားပြိုင်များ)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ တွန်းပင်ကျေးရွာနေ (၁) တရားပြိုင် ဦးပြုံးရင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ (၁) ဦးချိုချို၊ (၂) ဦးခင်မောင်သန်းက ငွေကျပ်သိန်း ၁၀၀ ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (၁၃၈၄ခုနှစ် နတ်တော်လကွယ်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့်လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဟန်ထွန်း)**
**မြို့နယ်တရားသူကြီး**
**မော်လိုက်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ဃ/၄၉၇၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဝင်း ၃/ကကရ(နိုင်)၀၆၉၄၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ် (၁၃၇+၁၃၈+၁၅၁+၁၅၂)၊ ၆၁x၆၂လမ်းကြား၊ ဖိုးရာဇာလမ်းနှင့် ဥပုညလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ မြန်မာ့သစ်လုပ်ငန်းက မြေဂရန်မူရင်းအထားမှား၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြေဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တရားရုံး
## ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် -၂၁

မမြတ်နိုးသက်　　　**နှင့်**　　　ကိုစိုင်းခန့်ဇော်
**(တရားလို)**　　　　　　**(တရားပြိုင်)**

ကန့်ဘလူမြို့နယ်၊ ဇီးကနားကျေးရွာအုပ်စု၊ လျှော်ဖြူကုန်းကျေးရွာနေ ကိုစိုင်းခန့်ဇော်(ဘ)ဦးစိုးဝင်း(ခ)ဦးဖိုးလင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမမြတ်နိုးသက်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် (၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ယုံဝိုင်ခင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကန့်ဘလူမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၉

၁။ ဦးကျော်သိန်းဦး　　　**နှင့်**　　　ဦးယဉ်ထွန်း
၂။ ဒေါ်နီလာတင့်

**တရားလိုများ**　　　　　**တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (အ-၅/၁၈)၊ ဦးပိုင်(၁၈)၊ (ဂ)ရပ်ကွက်နေ ဦးယဉ်ထွန်း(ဘ)ဦးကြာထွန်းဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးကျော်သိန်းဦးပါ(၂)ဦးက ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ် ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း၁၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ပိုင်းဈေးကြိုရပ်ကွက်၊ လေယာဉ်ကွင်း၊ ဒေါင်းဇရပ်၊ အကွက်အမှတ်-၉၃၊ ဦးပိုင်အမှတ်-၉၆/၃/၁၊ နံပါတ်(A-8)ရှိ အလျား(၂၄)၊ အနံ(၆၀)ပေရှိ G3 အမျိုးအစား မြေကွက်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးတင်ဦး (၁၀/မလမ(နိုင်)၁၁၉၄၇၅)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ကြေညာစာပါပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမာ
၁၂/ဒဂတ(နိုင်)၀၁၈၁၂၇
အမှတ်-၇A၊ ကျုံးပေါင်းလမ်း၊
မန္တလေးရပ်၊ မော်လမြိုင်မြို့။
ဖုန်း - ၀၉ ၅၀၉၄၂၅၉၊ ၀၉-၄၂၀၁၈၆၉၄၈

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ကွန်သီး ၉/မကန(နိုင်)၀၀၀၈၁၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၃၆၂၈၈**

## မိခင်တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၇)၊ အမှတ်(၃၅/B)နေ မဂျာမွန်းအောင်၏ မိခင် ဒေါ်နန်းဇိန်းဘောက်ဂျာ(ခ) ဒေါ်ဘောက်ဂျာ ၁/မမန(နိုင်)၀၀၀၀၆၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၁၈၃/က)၊ မြေဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိမြေကွက်သည် မူလက ဦးထွန်းတင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၈၁၈/V ၂၀၁၆-၂၀၁၇ အရ ၆-၈-၂၀၅၂ အထိ နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးထွန်းတင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ(ဦးတင်မိုး)က ၁၁-၁၀-၂၀၂၂ ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၆၄/၂၀၂၂) အရ အဆိုပါ ခြံမြေကွက်အား ဒေါ်ရွှေစင်မိုးဟန်ထံသို့ တရားဝင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ရွှေစင်မိုးဟန် ၁/မကန(နိုင်)၀၀၆၄၃၁ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၈

ဒေါ်စုသန္တာမွန်　　　　　လျှောက်ထားသူ
အမှတ်-၃၇၊ ၆-လွှာ၊ ရေတာရှည်လမ်း၊
မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

အမှတ် ၃၇၊ ၆-လွှာ၊ ရေတာရှည်လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ မနန္ဒာလင်းအား အထက်ပါလိပ်စာတွင် နေထိုင်သော ဒေါ်စုသန္တာမွန်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မနန္ဒာလင်း၏ မိခင်အရင်းတော်စပ်သူဖြစ်သည်ဟူ၍ ၎င်းမနန္ဒာလင်း၏ ကိုယ်ခန္ဓာတို့ကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့ လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်(၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးညွန့်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄/ကံဘဲ့၊ မြေကွက်အမှတ်-၈/ခ-၂/A အကျယ် ၀ ဒသမ ၁၉၂ ဧကရှိ မြေပိုင်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြမြေစာရင်းတွင် ဒေါ်တင်မျိုးအေး ၁၂/မရက(နိုင်)၀၆၆၁၉၅ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား အမည်ပေါက်ပိုင်ရှင်ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးငွေးရင် ၁၂/ရကန(နိုင်)၀၆၂၀၀၆က အဆိုပါမြေနှင့်အဆောက်အအုံမှာ ၎င်းတစ်ဦးတည်းသာလျှင် အကျိုးခံစားခွင့်ရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလင်းဘုန်းမြတ်** | **ဒေါ်ကေသီကျော်** |
| **LL.B, D.I.P.L, D.M.L** | **LL.B, D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၃၈၁)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၃၅၀)** |
| **Ph-09-956666360,09-440010838** | **Ph-09-5506143, 09-799487280** |

**Glory and Growth legal Solution**
**အမှတ်၁၀၀၊ ဒုတိယထပ်၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်မေအေး ၆/ထဝန(နိုင်)၀၅၀၁၁၉ (ဘ)ဦးငုန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၅၂၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၈၁/၂၀၂၀ (၇-၇-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှဖုန်း ၉/မထလ(နိုင်)၀၁၅၅၁၇ (ဘ) ဦးမောင်ပုမှ ဒေါ်မေသော်သော်အောင် ၁၂/ဒဂတ (နိုင်)၁၂၇၆၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အေးကြည်
### အသက်(၉၉)နှစ်

ရန်ကုန်မြို့နေ (ဦးဖိုးမင်း-ဒေါ်ရိုစီ)တို့၏သမီး၊ (ဦးတင့်မောင်-ဒေါ်သိန်းခင်)တို့၏သမီးချွေးမ၊ ဦးစိန်ထွန်း-ဒေါ်ခင်ဆွေမြင့်တို့၏ညီမ၊ (ဒေါ်သိန်းတင်-ဦးလှ)၊ (ဦးလှမြင့်-ဒေါ်မေရီ)၊ (ဒေါ်ညွန့်ညွန့်-ဦးခင်သိန်း)၊ (ဒေါ်အုံးကြည်-ဦးထွန်းတင်)၊ (ဦးမြသိန်း)၊ ဒေါ်တင်အေး-(ဦးအုံးကြိုင်)၊ ဒေါ်ညွန့်တင်-(ဦးစံသိန်း)တို့၏အစ်မ၊ ဒေါ်ကြည်ကြည်ဝင်း-(ဦးသိန်းထွန်း)၊ ဒေါ်ခင်ပြုံး -(ဦးအေးကို)၊ ဦးကိုကိုကြီး-(ဒေါ်ခင်မာသိန်း)၊ (ဦးကိုကိုလေး)-ဒေါ်ဥမ္မာသက်၊ ဒေါ်မာမာအေး၊ (ဒေါ်အေးအေးသောင်း)၊ ဦးကိုကိုလတ်-ဒေါ်ခင်မြအေးတို့၏မိခင်၊ (ဦးစိုးဝင်း)၏ချစ်လှစွာသောဇနီး၊ မြေး၁၂ယောက်တို့၏အဘွား၊ မြစ် ၁၉ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၁၁-၂၀၂၂ရက် နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဲမှူးစိန်ဝင်းမောင် (လ/၅၆၉၉၀)
### အရှေ့ပိုင်းခရိုင်ရဲမှူး(ငြိမ်း)
### အသက် (၇၇)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့နေ ဦးကံညွန့်-ဒေါ်အုန်းသွယ်တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇာဓိရာဇ်အိမ်ရာ၊ တိုက်(၄၇၂)၊ အခန်း (၀၀၄)နေ ဒေါ်မြသန်း၊ (ဒေါ်မြသိန်း)၊ ဒေါ်ယဉ်ယဉ်မြတို့၏အစ်ကိုကြီးသည် ၂၁-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၅၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက် သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းမြင့်
### အသက် (၈၅)နှစ်

(ဦးသာအောင်-ဒေါ်စိုးမြင့်)တို့၏သမီး၊ (ဦးလှဘော်သူ-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ [ဦးအောင်ခင်ဦး(ခ)အနောင်]-ဒေါ်မြတ်မြတ်ထင်၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်ဝင်းမြင့်သိန်းတို့၏ညီမ၊ [ဦးခင်မောင်မြင့်(ခ)အောင်ပြည့်]-ဒေါ်နွယ်နွယ်ညွန့်၊ (ဦးအထွဋ်ပန်)-ဒေါ်ခင်အေးမြင့်၊ [ဦးခင်မောင်ငွေး(ခ)ကောင်းညွန့်]-ဒေါ်ငွေရည်၊ (ဦးဝဏ္ဏ-ဒေါ်ချိုချိုရီ)တို့၏အစ်မ၊ [ဦးသိန်း(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)]၏ဇနီး၊ ဦးအောင်နိုင်ဦး၊ ဦးကျော်ထင်လင်း-ဒေါ်မိုးသူဇာ၊ (ဦးအောင်ကျော်မိုး)၊ (ဦးအောင်ကျော်သူ)၊ ဦးအောင်ကျော်စိုးမိုးတို့၏မိခင်၊ Michael John၊ မသူသူသစ္စာ၊ မောင်သိဓ္ဓာ၊ မောင်သမာဓိတို့၏အဘွားသည် ၂၁-၁၁-၂၀၂၂ (တနင်္လာနေ့) ညနေ ၅:၅၅ နာရီတွင် မြောက်ဒဂုံ၊ ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ [၂၈-၁၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွယ်လွန်သူအားရည်စူးအလှူပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်ဦးဇေတဝန်စာသင်တိုက်၊ ရွှေနှင်းဆီလမ်း၊ ၈-မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)
### ဒေါ်ခင်စိန်(သထုံ)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်ရိပ်သာလမ်းနေ အသင်းဝင် ဦးခင်မောင်ကြည်နှင့် ဒေါ်ဆန်းဆန်းလှတို့၏မိခင် ဒေါ်ခင်စိန်သည် ၂၀-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) ၂၃:၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/ အသင်းသားတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးရီ
### အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပုရွာနေ ဦးသောင်း၏ဇနီး၊ ဦးစိုးနိုင်-ဒေါ်ချိုချိုစမ်း၊ ဦးသန်းတင့်-ဒေါ်မော်မော်မြင့်၊ ဦးနန်းတင့်(မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ဇာဇာဝင်းတို့၏ မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တုရင်တောင်စွယ်တော်မြတ်စေတီ
ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးဟံရှင်
### အသက်(၈၃)နှစ်

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းတိုက်နယ်၊ စံပြရပ်ကွက်၊ အောင်သိဒ္ဓိလမ်းနေ (ဦးကြင်-ဒေါ်မယ်သီ)တို့၏ တတိယ မြောက်သား၊ (ဦးကံမြင့်)၊ ဦးမောင်လှိုင် တို့၏ညီ၊ (ဒေါ်လှထွေး)၏ ချစ်လှစွာသောခင်ပွန်း၊ သားနှစ်ယောက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးကဲနက်သန့်ဇင်ဇော်-ဒေါ်အေးသီတာသိမ့်နှင့် မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၂၂-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးရီ
### အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပုရွာနေ ဦးသောင်း၏ဇနီး ဦးစိုးနိုင်-ဒေါ်ချိုချိုစမ်း၊ ဦးသန်းတင့်-ဒေါ်မော်မော်မြင့်၊ ဦးနန်းတင့်(မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ဇာဇာဝင်းတို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညောင်ဦးခရိုင်/မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး
ဦးစီးဌာနမှ ဝန်ထမ်းများ၊
ညောင်ဦးခရိုင်/မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးရီ
### အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပုရွာနေ ဦးသောင်း၏ဇနီး ဦးစိုးနိုင်-ဒေါ်ချိုချိုစမ်း၊ ဦးသန်းတင့်-ဒေါ်မော်မော်မြင့်၊ ဦးနန်းတင့်(မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ဇာဇာဝင်းတို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဒေါ်ခင်စိုးမြင့်
### အသက် (၆၉)နှစ်

(ဦးဘသိန်း-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးမြတ်စိုး-ဒေါ်ခင်သိန်း)တို့၏သမီးချွေးမ၊ [ဦးအောင်သန်း (ညွှန်မှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)]၊ ဒေါ်ခင်သန်းမြင့် (အထက်တန်းပြ-ငြိမ်း)တို့၏ညီမ၊ ဒေါ်သီတာသဲသဲခိုင် (မြို့ပြအင်ယာ၊ လ/ထ ညွှန်မှူး)၊ (လေကြောင်းဦးစီးဌာန)၊ ဦးစိုးကျော်စွာ (Managing Director, ရွှေနှယ်ဝင်ကုမ္ပဏီလီမိတက်)-ဒေါ်သန္တာဝင်း (ကထိက၊ ဆေးဝါးတက္ကသိုလ်)တို့၏ ဒေါ်လေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးမင်းစိုး)၏ ချစ်လှစွာသောဇနီး၊ ဦးအေးမင်းသိန်း (Senior General Manager, Aung Gyi Group of Companies)- ဒေါ်ချောစန္ဒာသက်၊ ဦးသူရသင်းဇော်(ခရိုင်ဥပဒေအရာရှိ)- ဒေါ်အိအိဖြိုး (ဒုတိုင်းဥပဒေအရာရှိ)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မနဒီအေး၊ မောင်ရှင်းသန့်တို့၏ ဘွားဘွားကြီး ဒေါ်ခင်စိုးမြင့်သည် ၂၂-၁၁-၂၀၂၂ ရက် နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၂၂ ရက် နံနက် ၉ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်များ နာကြားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီ၊ အကွက်အမှတ်နှင့်အမည်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၁.၀၀)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန်အမှုတွဲအမှတ်(၂၆၀/၂၀၁၉-၂၀၂၀)အရ ဦးစိုးနိုင်မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးစိုးနိုင်၏ အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမိုးအောင်ထံမှ ဦးအောင်မိုးက အထက်ပါမြေထဲမှ ဦးပိုင်အမှတ်(၁၄/၂)၊ မြေဧရိယာ(၀.၁၈)ဧကအား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ဖြင့် ဦးပိုင်ခွဲ ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ ဦးပိုင်အမှတ် (၁၀၉က)၊ ဧရိယာ(၀ဒသမ၀၅၈)ဧကရှိ ဦးရွှေ(ဘ)ဦးတင်ညို ၉/တကန(နိုင်) ၀၀၇၃၅၁နှင့် ဒေါ်ခင်မာကြည်(ဘ)ဦးတင်ဆွေ ၉/တကန(နိုင်) ၀၁၁၇၀၅အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူများမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၃၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဝင်း ၉/တကန(နိုင်) ၀၀၅၃၂၇မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်နှင်းသူကျော်(ဘ)ဦးကျော်ဝင်း ၉/တကန(နိုင်) ၁၃၁၈၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးရီ
### အသက် (၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပုရွာနေ ဦးသောင်း၏ဇနီး ဦးစိုးနိုင်-ဒေါ်ချိုချိုစမ်း၊ ဦးသန်းတင့်-ဒေါ်မော်မော်မြင့်၊ ဦးနန်းတင့် (မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ဇာဇာဝင်းတို့၏ မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၂၂ ရက် (စနေနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ အပူပိုင်းသုတေသနခြံ၊ ဥယျာဉ်ခြံ
ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲဝန်ထမ်းများ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ မြို့မအုပ်စု၊ ကွင်း(၂၃)၊ မြို့မအနောက်၊ ဦးပိုင်အမှတ် (၂၈)၊ ဧရိယာ ၀ဒသမ၀၆၂ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (ဈ/၉၇)၊ (၂)ထပ်နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးတင်ဆွေ ၉/မကန(နိုင်)၀၀၉၈၉၂နှင့် ဒေါ်တင်ရီ ၉/မတန(နိုင်)၀၁၉၇၃၃တို့၏အမည်ဖြင့် ဂရန်အမည်ပေါက်ပိုင်ဆိုင်သော မြေနေအိမ်အဆောက်အအုံဖြစ်ပါသည်။ ဦးတင်ဆွေမှာ လွန်ခဲ့သော ၂၀၁၇ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ရာ ဂရန်အမည်ပေါက်ပူးတွဲပိုင်ဆိုင်သည့် ဇနီးဖြစ်သူမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိလာပါသောကြောင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ပြုလုပ်ချုပ်ဆိုမည်ဖြစ်သဖြင့် ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစ၍ ငါးရက်အတွင်း မြေနေအိမ်နှင့်သက်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ရောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ချောစုဌေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၈၈)
ဖုန်း-၀၉-၄၀၂၅၃၁၆၈၃၊ ပန်းမရပ်၊ မိုးကုတ်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4087, Mazda Bango SKF2T, Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ငွေ ၁၄/ဟသတ(နိုင်) ၁၄၁၉၄၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ ဒသမ ၁၁၀)ဧကရှိ ဦးကျော်ဆန်းထွန်း ၁၀/မလမ(နိုင်) ၀၂၆၀၂၂(ဘ)ဦးလှရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ် (ပ-၂၀၃၀၃)ကိုနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၅၀/၂၀၂၁(၄-၁၀-၂၀၂၁) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနေမျိုးအောင် ၁၄/နေဖ(နိုင်) ၀၅၀၉၄၁(ဘ)ဦးသိန်းကြည်မှ ဦးဝင်းဇော် ၁၁/သဖရ(နိုင်) ၀၃၅၀၇၈နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5093, Toyota Mark II GX 110, Sloon ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်မျိုး ၉/တကန(နိုင်)၁၃၄၀၀၆ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီ၊ အကွက်အမှတ်နှင့်အမည်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၁.၀၀)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန်အမှုတွဲအမှတ်(၂၆၀/၂၀၁၉-၂၀၂၀)အရ ဦးစိုးနိုင်မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးစိုးနိုင်၏ အထူးကိုယ်စားလှယ်စာရသူ ဦးစိုးမိုးအောင်ထံမှ ဒေါ်ယမင်းထွန်းအောင်က အထက်ပါမြေထဲမှ ဦးပိုင်အမှတ်(၁၄/၁)၊ မြေဧရိယာ(၀.၄၅)ကေအား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ဖြင့် ဦးပိုင်ခွဲ ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်...**

❖ **ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေးဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ – ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံတော်အဆင့် အခမ်းအနားများဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်





နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။ (ဓါတ်ပုံ)

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှု

*စာမျက်နှာ ၄ ကော်လံ ၁* ◆

## ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိ MICC – 2 ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

## ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် နာမည်ကြီး အာဂျင်တီးနားအသင်း ဆော်ဒီအာရေဗျကို ရှုံးနိမ့်

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ဂ) ပွဲစဉ် (၁) မှ နာမည်ကြီး အာဂျင်တီးနားနှင့် ဆော်ဒီအာရေဗျအသင်းတို့ ပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းက လူဆေးလ်အိုင်ကွန်းနစ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဆော်ဒီအာရေဗျအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနား အသင်းတွင် မက်ဆီ၊ ဒီမာရီယာ စသည့် ထိပ်တန်းကစားသမား အမြောက်အမြား ပါဝင်လာသော်လည်း

*စာမျက်နှာ ၁၈ ကော်လံ ၅* ❍



အာဂျင်တီးနားအသင်းမှ မက်ဆီ ပင်နယ်တီ ကန်သွင်းစဉ်။